
စိတ်ကူးချိုချိုအနုပညာ



# လောကဓမ္မ ပုံပြင်များ ၂



အရှင်ဉာဏိန္ဒ

ပြောပြသည်။


ဒုတိယအကြိမ်

mgyoe.com

mgyoe.com



ဗုဒ္ဓစာပေများ၊ ကျမ်းဂန်များ၊ ဥပမာပုံဆောင်များ၊
ဇာတ်တော်များ၊ သာဓကများမှ
ထုတ်နုတ်ပြောပြသော လိမ္မာယဉ်ကျေးဖွယ်ရာ
လောကနှင့် ဓမ္မနှစ်ဖြာ ပုံပြင်ပဒေသာများ



AKS0006
1,500.00 KS

mgyoe.com

mgyoe.com

လောကဓမ္မပုံပြင်များ(၂)၊ အရှင်ဉာဏိန္ဒ
မျက်နှာဖုံးပန်းချီ - ဖေမိုးအောင်၊ အတွင်းသရုပ်ဖော် - သီဟတေဇ
စာမျက်နှာ ၁၅၅ မျက်နှာ၊ ၁၂·၇စင်တီ× ၁၇·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၅ စိတ်ကူးချိုချို၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# လောကဓမ္မပုံပြင်များ(၂)

## အရှင်ဉာဏိန္ဒ

ပြောပြသည်။

ဒုတိယအကြိမ်၊ ၂၀၂၀

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | သေဆုံးသွားသောလောက | ၁ |
| ၂။ | လောက၏ အမြတ်နိုးဆုံးအရာ | ၁၁ |
| ၃။ | အရှက်အကြောက်မရှိသူ | ၁၉ |
| ၄။ | သီလရှာပုံတော် | ၂၄ |
| ၅။ | စည်းကမ်းပျက်လေသူ | ၃၈ |
| ၆။ | အသက်နှင့်ကိုယ်ကျင့်တရား | ၄၅ |
| ၇။ | ခေါင်းဆောင်ဆိုသည်မှာ | ၅၆ |
| ၈။ | ခေါင်းဆောင်ကောင်းဟူသည် | ၆၅ |
| ၉။ | ပြဟ္မဒတ်မင်းနှင့် အင်ကြင်းပင်စောင့်နတ် | ၇၁ |
| ၁၀။ | ရွှေတောင်ဖြစ်သော်လည်း | ၇၇ |
| ၁၁။ | ဥယျာဉ်မှူး သုမင်္ဂလ | ၈၁ |
| ၁၂။ | မကောင်းမှုမှ ရှက်ကြောက်ခြင်း | ၈၈ |
| ၁၃။ | အမိုက်မှောင်၏နှောက်ဝယ် | ၉၈ |
| ၁၄။ | တာဝန်သိလေသူ | ၁၀၉ |
| ၁၅။ | ကျေးသားငယ်နှင့် အဗ္ဗန္တရ သရက်သီး | ၁၁၆ |
| ၁၆။ | သူ့ရဲကောင်းစိတ်ဓာတ် | ၁၂၄ |
| ၁၇။ | စေတနာ၏အကျိုး | ၁၃၁ |
| ၁၈။ | အတုမဲ့စောင်းဆရာ | ၁၃၇ |
| ၁၉။ | ကောသိယ ပုဏ္ဏားနှင့် ကျေးမင်း | ၁၄၇ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သေဆုံးသွားသောလောက

ယနေ့သည် အမယ်အိုကြီး ကစ္စာနီဆွမ်းသွတ်ရမည့်နေ့ ဖြစ်သည်။

ထို့ကြောင့် နံနက်စော စောကပင်မှိုခိုနေထိုင်ရာ သူကြွယ်ကြီးအိမ်မှထလာခဲ့ရသည်။ ချက်စရာအိုးခွက်များနှင့် ဆီ၊ဆန်၊ ဆား၊နှမ်းစသည်တို့ကိုပါ တောင်းထဲထည့်ယူလာခဲ့သည်။နှမ်းကြိတ်စရာ ကျောက်ပျဉ်နှင့် ကြိတ်တုံးကိုလည်းမေ့ထားခဲ့၍မဖြစ်၊တောင်းထဲအပါထည့်ယူလာရသည်။

တောင်းကိုတနင့်တပိုး ရွက်လာခဲ့ပြီး ဂင်္ဂါမြစ်ကမ်းသို့ သွား၍ ဦးစွာတစ်ကိုယ်လုံး သန့်ရှင်းစင်ကြယ်စွာ ရေမိုးချိုးခေါင်းကိုလျှော်လိုက်သည်။ ထို့နောက်မခြောက်သေးသော ဆံပင်များကို ဖားလျားချကာ အသင့်ယူလာခဲ့သော အဝတ်ဖြူများဝတ်ဆင်လိုက်သည်။ ပြီးမှ ဆွမ်းချက်ရန်ရည်မှန်းထားသော အရပ်သို့လျှောက်လာခဲ့သည်။

ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်လေပြီးသောဆွေမျိုးသားချင်းများကို ရည်စူး၍ အများလူတို့ဆွမ်းသွတ်ကြသည်မှာ မိမိတို့၏အိမ်ဂေဟာမှာသာဖြစ်သည်။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


ဆွမ်းဘောဇဉ် ခဲဖွယ်စသည့် တို့ကို အိမ်မှာသာ ချက်ပြုတ်သည်။ ရသေ့ရဟန်းနှင့် ပုဏ္ဏားတို့အား အိမ်မှာပင် ဖိတ်၍ ဆွမ်းသွတ်ကြရသည်ကား လူ့ရပ်လူ့ရွာ၏ ဓမ္မတာဖြစ်ပါသည်။

ယခုအမယ်အိုကြီး ကစ္စာနီမှာမူကိုယ့်အိုးကိုယ့်အိမ်ဟူ၍ လက်ညှိုးထိုးပြစရာမရှိပါ။ လောလောဆယ်မှီခိုကပ်ရပ်၍ နေရသော သူကြွယ်အိမ်ကလည်း ယခုလို အမင်္ဂလာကိစ္စမျိုးကို လက်သင့်မခံပါ။ ထို့ကြောင့်ပင် လိုအပ်မည့်ပစ္စည်းအစုံအလင်ထည့်သော တောင်းကိုတနင့်တပိုးရွက်ပြီး လူသေကောင်များ စွန့်ပစ်ရာအရပ်သို့ လာခဲ့ရခြင်းဖြစ်သည်။

ကစ္စာနီအမယ်အိုကြီးသည် လူသေစွန့်ပစ်ရာအရပ်သို့ ရောက်သောအခါ ကျီး၊ စွန်၊ လင်းတမြေခွေးတို့ စားသောက်၍ အရိုးစုမျှသာကျန်တော့သော အလောင်းကောင်များမှ ဦးခေါင်းခွံသုံးလုံးကို ကောက်ယူပြီး ဖိုခနောက်ဆိုင်ပြုလုပ်၏။ထို့နောက် အနီးအပါးမှ သစ်ကိုင်းခြောက်များကို စုဆောင်း၍ မီးမွေးလိုက်သည်။ မီးရှိန်ရလာသည်နှင့် အသင့်ပြင်ဆင်လာခဲ့သောထမင်းအိုးကို တည်လိုက်လေသည်။

ထုံးတမ်း အစဉ်အလာအရ သေဆုံးလေပြီးသောသူတို့အား ရည်စူး၍ ဆွမ်းသွတ်ရာတွင် ထမင်းနှင့်အတူ နှမ်းထောင်းကို အဓိကထားကြရသည်။ထို့ကြောင့် ထမင်းအိုးမပွက်သေးမီကပင် အသင့်ပါလာသော ကျောက်ပျဉ်ဖြင့်လှော်ထားသော နှမ်းများကို ကြိတ်လိုက်၏။

နှမ်းကြိတ်လိုက် ထမင်းအိုးမွှေလိုက်ဖြင့် အလုပ်ရှုပ်နေစဉ်မှာပင် ဆွမ်းအလှူခံမည့် ပုဂ္ဂိုလ်ကို မပင့်ရသေးကြောင်း သတိရလာသည်။ ဆွမ်းသွတ်ရာတွင် အလှူခံပုဂ္ဂိုလ်အား တစ်ရက်ကြိုတင်၍ပင့်ဖိတ်ထားရမြဲ ဖြစ်သော်လည်း အမယ်အိုကြီး ကစ္စာနီ

mgyoe.com

mgyoe.com


သည်မြေးငယ်လေးမွေးဖွားပြီးဟူသော သတင်းစကားကြားခါစက အမယ်အိုကစ္စာနီသည် သားကလေးငယ်စဉ်က အဖြစ်များကို ပြန်လည်သတိရလာသည်။ သားကလေးတစ်နှစ်သားအရွယ်ကပင် သူ့၏ဖခင်ပုဏ္ဏားကြီး ကွယ်လွန်သွား၏။ မိမိမှာ အရွယ်ကောင်းနှင့် ပစ္စည်းဥစ္စာအပြည့်အစုံ အိမ်ကြီးရခိုင်နှင့်မို့ လက်ဆက်လိုသူ ပုဏ္ဏားပျိုများရှိခဲ့ပါသည်။ သို့သော် မိမိကမည်သူ့ကိုမျှ စိတ်မညွတ်ခဲ့ပါ။ သားကလေးကိုအားကိုးလိုသောစိတ်နှလုံးဒုန်းဒုန်းချကာ အမေတစ်ခုသားတစ်ခုဘဝဖြင့်နေလာခဲ့သည်။

မိမိပင်ပန်းစွာ ပြုစုရကျိုးနပ်အောင်လည်း သားလေးကလိမ္မာပါသည်။ လူလားမြောက်သည့်အချိန်မှစ၍ အိမ်မှုကိစ္စအဝဝကို ပခုံးပြောင်း၍ ထမ်းဆောင်၏။ မိမိကိုလည်း လိုလေသေးမရှိအောင် ခြေသိမ်း ခေါင်းမှာမူ အပင့်ရခက်နေရသည်။

အကယ်၍ အလှူခံပုဂ္ဂိုလ်အားပင့်ဖိတ်လိုက်သည်နှင့် "ဘယ်သူကိုရည်စူးပြီး ဆွမ်းသွတ်အံ့နည်း" ဟုမေးကြလေမည်။ ထိုအခါ အမယ်အိုကစ္စာနီမည်သို့ဖြေကြားရပါအံ့နည်း။

မိမိ၏ တစ်ဦးတည်းသောရင်နှစ်သည်းခြာ သားဖြစ်သူသည်သူ့ဖခင်ပုဏ္ဏားကြီးဆောက်ထားခဲ့သော အိမ်ကြီး ရခိုင်တွင်ကျန်းမာပကတိချမ်းသာစွာ ရှိနေပါသည်။သား၏ရှေ့ရေးအတွက် မိမိကိုယ်တိုင်က စိုးရိမ်ကြောင့်ကြစိတ်နှင့်အတင်းနားချ၍ပေးစားခဲ့သောချွေးမလည်းယခုအိမ်ကြီးရှင်ဖြစ်နေပါ၏။ မိမိအိမ်ကြီးပေါ်မှ ဆင်းခဲ့ရပြီးမှ ဖွားမြင်လာသော မြေးငယ်မှာ တစ်တစ်ရစ်ရစ်နှင့်ချစ်စရာကောင်းကြောင်းကြားသိရသည်။ မိမိကိုယ်တိုင်မြေးကိုကြည့်ချင်သော်လည်း သူ့တို့အိမ်ကြီးအရိပ်ကိုမျှ မနင်းရသဖြင့် မကြည့်မမြင်ခဲ့ရ။

mgyoe.com

mgyoe.com

များကျွေးမွေးပြုစုခဲ့သည်။ ဤသို့သာယာချမ်းမြေ့ခဲ့သော အသိုက်အမြုံကလေးကို မိမိက ပင်စတင်ဖျက်ဆီးမိတော့၏။

သားလေး၏နောင်ရေး စိတ်အေးချမ်းလို၍ အိမ်ထောင်ပြုရန်နားချလေတိုင်း ငြင်းပယ်လေ့ရှိသော်လည်း မိမိကသား၏ စကားကို အလေးမထားနိုင်ပါ။ မိမိ၏ဘိုးဘွားလက်ထက်မှစပြီး ဆက်ခံလာခဲ့ရသည့် ပစ္စည်းဥစ္စာများကို သားလက်ထဲအပ်ရရုံနှင့်လည်း မကျေနပ်နိုင်သေးပါ။ သား၏ အမွေကိုနောက် တစ်ဆင့်ဆက်ခံမည့်သူကိုလည်း လိုချင်ပါသေးသည်။

ထို့ကြောင့် မိမိတို့အမျိုးအနွယ်တူထဲမှမိန်းမပျိုတစ်ယောက်ကို မိမိကိုယ်တိုင် စိတ်တိုင်းကျရွေးချယ်ပြီးသားကို အတင်းနားချ၍ ပေးစား ထိမ်းမြားလိုက်ရပါတော့သည်။

ချွေးမဖြစ်သူက ပါးနပ်သည်။ ခင်ပွန်းသည်က မိခင်အား ဂရုတစိုက်ပြုစုလုပ်ကျွေးနေသည်ကို အကဲခတ်ကာ သူမလည်းအတူပြုစုလုပ်ကျွေးသည်။ ထိုအခါမှပင် သားနှင့်ချွေးမ အကျွမ်းတဝင်ဖြစ်လာကြ၏။ ရှာဖွေ၍ရလာသမျှသောပစ္စည်းများကိုလည်း ဇနီးသည်ထံအပ်နှံလာတော့၏။

ဤသည်ကိုကြည့်၍ မိမိအနေဖြင့် ထိုပုံမှန်ဆက်ဆံရေးကို ချွေးမဖြစ်သူ အလွဲသုံးစားမပြုမိပါစေနှင့်ဟူ၍သာ ဆုတောင်းနေရ၏။ ထိုသို့ဆုတောင်းနေသည့်ကြားကပင် တစ်ခုသောနံနက်ခင်း၌ စိတ်မချမ်းမြေ့စရာ စတင်ပေါ်လာတော့၏။

နံနက်စောစော စာအဖြစ် တစ်အိမ်လုံးဆန်ပြုတ်သောက်ကြရာတွင် မိမိအတွက်ကို ပူပူလောင်လောင်ခပ်ယူပြီး ပေးလာ သည်။ မိမိကခါတိုင်းပေးနေကျ အနေတော်ထင်မှတ်ပြီး ဇွန်းနှင့်အပြည့်ခပ်၍သောက်လိုက်ရာလျှာတစ်ခုလုံးပူလောင်သွား၏။

"သမီးရယ် ဆန်ပြုတ်က ပူလွန်းလှပါဘိကွယ်"

မိမိရေရွတ်မိလိုက်သည်နှင့် ချွေးမကရေမှုတ်အပြည့်ခပ်လာသော ရေကိုဆန်ပြုတ်ပန်းကန်ထဲသို့ လောင်းချပေးသည်။ ထိုနေ့မှစ၍ ဆန်ပြုတ်သောက်၍အဆင်ပြေသည့်နေ့ဟူ၍ မရှိတော့။ပူပြန်တော့လည်းသောက်မရအောင်ပူသည်။ အေးပြန်တော့လည်း အရသာရှာမတွေ့လောက်အောင် အေးစက်နေသည်။ ငန်လွန်းနေတတ်သလို ဆားတစ်ပွင့်တလေမျှမပါသည့်အခါလည်းကြုံရသည်။

ဤသည်မှာ မတော်တဆဖြစ်လာရခြင်းမဟုတ်ပါ။ ချွေးမဖြစ်သူက ပညာသားပါပါနှင့်ပြုမူလာခြင်းသာ ဖြစ်သည်။ မိမိက အလေးအနက်မထားဘဲ ဆန်ပြုတ်အနေအထားကို ပြောမိလေသည်။

"ဒီအဘွားကြီး ဇီဇာကြောင်တယ် ကောင်းရာကောင်းကြောင်းလုပ်ကိုင်ကျွေးနေတာကိုပဲ သက်သက်အပြစ်ရှာတယ်"

မြည်တွန်းတောက်တီးခြင်းကို ခံရတော့၏။ ဆန်ပြုတ်ကအစပြုလိုက်သော အဆင်မပြေမှုသည် ရေချိုးရာအထိ လိုက်ပါလာတော့သည်။ ယခင်ကလိုရေနွေးနှင့် စပ်ဟပ်ပေးခြင်းမျိုးမရှိတော့။ အေးစက်နေသောရေများနှင့်သာ တွေ့လာရ၏။ ရေအေးကိုမချိုးရဲကြောင်း ပြောပြန်ရင်လည်း ပွက်ပွက်ဆူနေသောရေနွေးအိုးကြီး ဆောင့်ချလောင်းပေးတတ်၏။ ရေနွေးပူစင်၍အပူလောင်သည်ကိုပင် မပြောရဲတော့ပေ။

ချွေးမဖြစ်သူ၏ ချုပ်ချယ်မှုသည် အဘက်ဘက်မှ ဘောင်ခတ်လာသည်ကိုပင် သားဖြစ်သူကို ထုတ်မပြောရက်ပါ။ မိမိဘာသာကြိတ်မှိတ်ခံစားခဲ့သည်။ တစ်နေ့နေ့မှာ သတိ တရားရပြီးပြုပြင်သွားလိမ့်မည်ဟုသာ မျှော်လင့်နေရသည်။ မိမိမျှော်လင့်

mgyoe.com

mgyoe.com

ချက်ရောက်မလာမီ သူ့မျှော်လင့်ချက်က ရောက်လာတော့၏။

"အမောင် အမောင်... အမေအိုကြီးဟာ အလွန်ဇီဇာကြောင်လွန်းပါဘိ၊ မရွံ့မရှာပြုစုလုပ်ကိုင်ပေးနေတာကိုပဲ သက်သက်အပြစ်ရှာတယ်။ တစ်အိမ်လုံးလည်း သူ့အညစ်အကြေးတွေနဲ့ ထိုင်စရာမရှိတော့ဘူး၊ ဒီတော့ အမောင့်အမေအိုကြီးကို ပစ်မလား၊ ကျွန်မကိုစွန့်မလား၊ တစ်ခုခုကို ဆုံးဖြတ်ပါအမောင်"

ချွေးမ၏စကားကြောင့် ခေါင်းနပမ်းကြီးသွားရသော မိမိမှာ သားဖြစ်သူ၏စကားကို ကြားလိုက်ရသောအခါ လောကကြီးတစ်ခုလုံးချာချာလည်သွားရတော့သည်။

"သူပြောတာမလွန်ဘူး မိခင်၊ ဘယ်လိုလူမျိုးနဲ့မှ သင့်မြတ်အောင်နေတတ်မှာ မဟုတ်မယ့်အတူတူ အိမ်မှာမနေပါနဲ့တော့ အခြားသင့်တဲ့နေရာမှာ သွားနေပါတော့မိခင်"

ကိုးလလွယ်၍ ဆယ်လမှာဖွားခဲ့ရသောသား၊ ဖဝါးလက်နှစ်လုံး၊ ပုခုံးလက်နှစ်သစ်က ဝါးဖတ်တော်ကစီနှစ်နှင့် လူဖြစ်အောင်မွေးမြူလာရသောသား၊ မိမိဘဝရှေ့ရေးတစ်ခုလုံးကို ပုံအပ်ထားခဲ့ရသောသားထံက သည်စကားမျိုးကြားလိုက်ရသောအခါ ကြေကွဲဝမ်းနည်းရုံကလွဲ၍ ဘာမျှမတတ်နိုင်ပါ။

ထိုနေ့မှစ၍ သားနှင့်ချွေးမကို ကျောခိုင်းပြီး ခြေဦးတည့်ရာထွက်လာခဲ့ရ၏။ ကံအားလျော်စွာပင် သနားကြင်နာတတ်သောသူကြွယ်တစ်ဦးကအိမ်တွင်ခေါ်ယူ၍ တောက်တိုမည်ရအလုပ်ကလေးပေးထားသဖြင့် ကျောတစ်ခင်းစာနှင့် ဝမ်းတစ်ထွာ ဖူလုံခဲ့ရ၏။ အစစ အရာရာနေသားကျလာကာမှ မခံမရပ်နိုင်သော အကြောင်းအရာတစ်ခုပေါ်ပေါက်လာသောကြောင့် ယခုလိုလူသေများစွန့်ပစ်ရာအရပ်သို့ လှမ်းလာခဲ့ရခြင်း ဖြစ်ပါ၏။

mgyoe.com

mgyoe.com


ဤသို့တွေးရင်းဆွေးရင်း ချက်ထားသောထမင်းလည်း ကျက်ပြီ၊ နှမ်းထောင်းများလည်း ညက်လေပြီ။ ဤလှူဖွယ်ပစ္စည်းများကို အလှူခံမည့်ပုဂ္ဂိုလ်သာ လိုပါတော့သည်။

လူသူအရောက်အပေါက်နည်းသော သည်လိုစက်ဆုပ်ရွံ့ရှာကြောက်မက်ဖွယ်ရာ ကောင်းလှသော လူသေစွန့်ပစ်ရာအရပ်သို့ ဘယ်သို့သော ပုဂ္ဂိုလ်များ ပေါ်လာပါမည်နည်း။ ပေါ်လာဖို့ အရေး ဝေးလှကြောင်းအမယ်အိုကြီးကစ္စာနီ ကောင်းစွာသိပါ၏။ သို့သော် တစ်နည်းနည်းနှင့်တော့ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ် ရောက်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ကလေးတော့ ရှိနေသေး၏။

ထိုသို့ မျှော်လင့်သည့် အတိုင်းပင် ခရီးသည်ပုဏ္ဏားကြီး တစ်ယောက်သည်ရောက်လာလေသည်။ သူ၏ရုပ်ရည်လက္ခဏာမှာ သပ်ရပ်ခံ့ညားသည်နှင့်အမျှ သူ့မျက်နှာကြည်လင်လှသည်။ ဤသို့သော အလှူခံပုဂ္ဂိုလ်က မိမိထံမှောက်သို့ရောက်လာခဲ့သဖြင့် အမယ်အိုကြီး ကစ္စာနီက ဝမ်းမြောက်ဝမ်းသာစွာဖြင့်ခရီးဦးကြိုဆိုလိုက်၏။

ပုဏ္ဏားကြီးသည် အမယ်အိုကစ္စာနီထံ ချဉ်းကပ်လာပြီး...

"အို ... မိခင်လူသေစွန့်ပစ်ရာ ဤအရပ်၌ ဘယ်သူမှထမင်းချက်လေ့မရှိပါ။ အခုမိခင်က သည်အရပ်မှာလာပြီးထမင်းချက်တယ်၊ နှမ်းများကိုလည်း ကြိတ်ထားတယ်၊ ဘာအတွက် ရည်စူးပြီး ချက်ထားရပါသနည်း မိခင်"

ကရုဏာသက်သော အသံဖြင့် မေးမြန်းလေသည်။

"အရှင်ပုဏ္ဏားကြီး လောကတွင် လူတစ်ယောက် သေဆုံးသွားတဲ့အခါကျန်ရစ်တဲ့ မိသားစုများက ဆွမ်းသွတ်ကြရပါတယ်။ အခုလည်းဒီ လောက လူ့ဘောင်မှာတရားဆိုတာမရှိတော့ပါဘူး။ သေဆုံးသွားပါပြီ အရှင်ပုဏ္ဏား

mgyoe.com

mgyoe.com


ကြီး၊ ဒါကြောင့် သေဆုံးသွားတဲ့ တရားကို ရည်စူးပြီးတော့ ဆွမ်းသွတ်ဖို့ပြင်ဆင်ထားတာပါ။ အလှူခံ ပုဂ္ဂိုလ်မျှော်နေတုန်းမှာ အရှင်ပုဏ္ဏားကြီးရောက်လာတာနဲ့အတော်ပါပဲ”

“နေပါဦးမိခင်၊ မိခင်၏ စကားမှာ ထူးဆန်းလွန်းနေပါ၏။ ဒီလူ့ဘောင်လောကမှာ တရားသေသွားပြီဆိုတာ ဘာကြောင့်ပြောနိုင်ရပါသလဲ မိခင်”

“အရှင်ပုဏ္ဏားကြီး ကောက်ကျစ်ယုတ်မာတဲ့ သူတွေသာ တန်ခိုးအာဏာတွေရှိပြီး ကြီးပွားချမ်းသာနေကြမှတော့တရားသေသွားလို့သာ လောကကြီးမှာ ယခုလိုဖြစ်နေတာပေါ့။ ကျွန်ုပ်ရဲ့ခွေးမဟာ ကျွန်ုပ်အိမ်မှာရှိနေတုန်းက ကိုယ်ဝန်မရခဲ့ပါဘူး။ သူ့ကြောင့်ပဲ ကျွန်ုပ်အိမ်ပေါ်က ဆင်းလာခဲ့ရပါတယ်။ ဒီအခါကျမှသူကိုယ်ဝန်ရလာတယ်။ အချိန်တန်တော့သားလေးတစ်ယောက်ဖွားမြင်ပါတယ်...

“ဒါကိုအကြောင်းပြုပြီးတော့သူက အရပ်ထဲလှည့်ပြီး အရင်တုန်းကအိမ်မှာ သူယုတ်မာကြီးရှိနေတဲ့အတွက် သူ့မှာသားသမီးမရခဲ့ပါဘူး။ သူယုတ်မာမကြီးကို နှင်ထုတ်လိုက်ခါမှပဲ သားရတနာကလေးရလာပါတယ်တဲ့။ အမှန်တကယ်ယုတ်မာတာက သူပါ။ အခုတော့ ယုတ်မာကောက်ကျစ်တဲ့သူက အာဏာပိုင်အိမ်ကြီးရှင် ဖြစ်နေပါပြီ။ ကျွန်ုပ်မှာသာ သူတို့ကရိုက်ပုတ်နှင်ထုတ်လိုက်တဲ့အတွက် နေစရာမဲ့ စားစရာနတ္ထိဖြစ်ရပါတယ်။ ဒါကြောင့်လည်း လောကတရားဟာသေဆုံးသွားပြီလို့ ခိုင်ခိုင်မြဲမြဲယုံကြည်ထားရခြင်းပါ အရှင်ပုဏ္ဏားကြီး”

“မိခင်ထင်သလို လူ့ဘောင်လောကမှာတရားကမသေသေးပါ။ မိခင်က တရားသေတယ်ဆိုပြီး သွတ်တဲ့ဆွမ်းကို ကျွန်ုပ်အလှူခံဖို့မလိုသေးပါ။ မကြာခင်မှာပဲ တရားမသေသေးတဲ့အကြောင်း

mgyoe.com

mgyoe.com


မိခင်ကောင်းစွာ သိရပါလိမ့်မည်။"

ထိုသို့ပြောဆိုပြီး ပုဏ္ဏားကြီး ထွက်သွားပြီး ခပ်လှမ်းလှမ်း အရောက်တွင် မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

မကြာမီမှာပင် သားနှင့် ချွေးမ သည် မြေးကလေးကိုချီ၍ ရောက်လာကြသည်။ အမယ်အိုကြီးကစ္စာနီ၏ခြေကိုဦးခိုက်၍ လွန်ကျူးမိသမျှအပြစ်များကို ဝန်ချတောင်းပန်ကြသည်။ မတောင်းပန်ခင်ကပင် စိတ်ပြေချင်သလိုဖြစ်နေသော အမယ်အိုကစ္စာနီမှာ သူ့တို့စကားမဆုံးမီမှာပင် မြေးကလေးကိုလှမ်းယူပွေ့ချီလိုက်၏။

သားနှင့် ချွေးမတို့၏ ဖေးမခေါ်ယူခြင်းကို ခံယူ၍ ကြည်ဖြူစွာ လိုက်ပါလာသော အမယ်အိုကစ္စာနီသည် စောစောကတွေ့ရသော ပုဏ္ဏားကြီးမှာ သာမန်ပုဏ္ဏားမဟုတ်နိုင်။ သိကြားမင်းကိုယ်တိုင် ရောက်လာခြင်းသာဖြစ်လိမ့်မည်" ဟု တွေးမိလာလေသတည်း။

(အဋ္ဌကနိပါတ် ကစ္စာနီဇာတ်)

■

mgyoe.com

mgyoe.com

# လောက၏အမြတ်နိုးဆုံးအရာ

ဗာရာဏသီမင်းနေပြည်တော်တွင် ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ်အခါကဖြစ်သည်။ ရွှေနန်းတော်သို့သွားရောက်ရာ မင်းလမ်းမကြီး၏ ဘေးတွင်ရွှေပန်းထိမ်ဆရာ၏ အိမ်ရှိ၏။ သူ၏ပန်းထိမ်လုပ်ငန်းသည်လည်း အိမ်ရှေ့ပိုင်းမှာပင်ဖြစ်၏။

ရွှေပန်းထိမ်ဆရာသည် မိမိလုပ်ငန်း၌ ကျွမ်းကျင်လိမ္မာသူဖြစ်သည်။ သီလ၊ သစ္စာကတိတည်ကြည်သူဖြစ်၏။ လူမှုပေါင်းသင်းဆက်ဆံရေးပြေပြစ်သည်။ ထို့ကြောင့် ဗာရာဏသီပြည်သူအများက သူ့ထံတွင်သာ အလုပ်အပ်သည်ကများသည်။ တစ်ခါတစ်ရံတွင်မူ ရွှေနန်းတော်ကြီးမှ အပ်ထည်များပင်ရောက်လာတတ်၏။

ပုဏ္ဏားတစ်ယောက်သည် ရွှေနန်းတော်သို့ အခစားဝင်သွားရာတွင် ထိုရွှေပန်းထိမ် ဆရာ၏အိမ်ရှေ့မှဖြတ်သွားနေကျဖြစ်သည်ကိုလည်း ပန်းထိမ်ဆရာသိနေလေသည်။ တစ်နေ့ထက်တစ်နေ့တွေ့ရဖန်များလာသောအခါ သူ့ထံအလုပ်အပ်သူများနှင့် ပတ်ဝန်းကျင်မှ လူများထံလေ့လာ

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


စုံစမ်းကြည့်မိသည်။ ထိုအခါမှပင် ရွှေပန်းထိမ်ဆရာသည် ပုဏ္ဏားကြီးအားကြည်ညိုလေးစားလာမိသည်။

ပုဏ္ဏားကြီးမှာ အမျိုးဇာတ်မြင့်မြတ်သူဖြစ်သည်။ သူ၏ဆွေခုနစ်ဆက်မျိုးခုနစ်ဆက်သို့တိုင်အောင်ဗြဟ္မဏနွယ်ဖွားပုဏ္ဏားတို့နှင့်မသင့်လျော်သောအပြုအမူများမပြုခဲ့ပေ။ ထို့ပြင် ပုဏ္ဏားကြီးသည် ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းခပ်တတ်မြောက်သလို ပညာလိုလားသော ပုဏ္ဏားလုလင်များကိုလည်းသင်ကြားပေးသည်။ သီလ၊ သိက္ခာနှင့်လည်း ပြည့်စုံသူဖြစ်သဖြင့် ပုဏ္ဏားကြီးထက် အသက်ကြီးသူများ၏ လေးစားကြည်ညိုကြခြင်းကိုလည်း ရွှေပန်းထိမ်ဆရာ သိရှိလာသည်။

ဗြဟ္မဒတ်မင်းကြီး၏ နန်းတော်သို့ ဝင်ထွက်ခစားနေကြသော ပုဏ္ဏားအပေါင်းတွင် ထိုပုဏ္ဏားကြီးသည် အထင်ရှားဆုံးဖြစ်သည်။ မင်းကြီးကိုယ်တိုင်က အခြားပုဏ္ဏားများထက်ပို၍ အလေးထားချီးမြှောက်တော်မူလေသည်။ ပုဏ္ဏားကြီး၏ စကားကိုလည်း လေးစားလိုက်နာဆောင်ရွက်လေသည်။

မင်းနေပြည်တော်တွင် ထိုမျှအရေးပါအရာရောက်သောပုဏ္ဏားကြီးသည် ရွှေပန်းထိမ်ဆရာနှင့် တွေ့ရဖန်များလာသောအခါ အကျွမ်းတဝင်ဖြစ် လာကြသည်။ ပုဏ္ဏားကြီးနှင့် အကျွမ်းတဝင်ဖြစ်လာရခြင်းဖြင့် ရွှေနန်းတော်ကြီးမှ လက်ဝတ်တန်ဆာများပိုမို၍ လုပ်ကိုင်ရနိုင်ဖွယ်ကိုလည်း မျှော်လင့်နေမိသည်။

သို့သော် တစ်ခုသော ညနေခင်းတွင်မူ ရွှေပန်းထိမ်ဆရာမှာ သူလုံးဝမမျှော်လင့်သောကိစ္စတစ်ခုနှင့်ကြုံလိုက်ရသည်။သူ၏ အလုပ်စားပွဲပေါ်တွင်လုပ်လက်စရွှေထည်ပစ္စည်းများရှိ နေသည်။ သူအလွန်ကြည်ညိုလေးစားနေသောပုဏ္ဏားကြီးသည် ထိုပစ္စည်းများထဲမှ ရွှေထည် အပိုင်းအစ

mgyoe.com

mgyoe.com


တစ်ခုကို ရုတ်တရက် ကောက်ယူသွားလေသည်။

ရွှေပန်းထိမ်ဆရာမှာ တအံ့တသြဖြစ်သွား၏။ သူ့လို အမျိုးမြတ်၍ဂုဏ်သရေရှိပုဂ္ဂိုလ်ကြီးက ဤမျှသိမ်ဖျင်းသော အလုပ်မျိုးနှင့် လားလားမျှမထိုက်တန်ပေ။ ထို့ပြင် သူကောက်ယူသွားသောပစ္စည်းမှာလည်းရွှေနန်းတော်ကြီးမှအပ်နှံထားသော မင်းဘဏ္ဍာဖြစ်နေပါသည်။ ထို့ကြောင့် အံ့သြရုံမျှမက မင်းပြစ်မင်းဒဏ်သင့်မည့်အရေးကိုပါကြောက်လာရတော့သည်။

သို့သော် ရွှေပန်းထိမ်ဆရာသည် မိမိ၏ကိုယ်နှင့် စိတ်ကိုချုပ်တည်းထားလိုက်ရသည်။ မိမိအလုပ်စားပွဲမှ ပစ္စည်းကိုမရိုးမသားကောက်ယူသွားသော ဤပုဏ္ဏားကြီးကို မိမိရိုက်ပုတ်လိုကရိုက်ပုတ်နိုင်ပါသည်။ မိမိကိုယ်တိုင်က ကြည်ညိုလေးစားလာခဲ့ရသော ပုဏ္ဏားကြီးအား နာကျင်အောင်မပြုရက်ပါ။ ယခင်က ကြည်ညိုလေးစားခဲ့ရသော ဂုဏ်သိက္ခာတို့ကို ထောက်ထား၍ အသာပင် ကြည့်နေလိုက်ရသည်။ သူကောက်ယူသွားသော ရွှေထည်ကို အစားထိုး၍ ပြုလုပ်ပေးရန်သာဆုံးဖြတ်လိုက်လေသည်။

ရွှေပန်းထိမ်ဆရာသည် ထိုမျှချုပ်တည်းနိုင်သော်လည်း ပုဏ္ဏားကြီးဘက်မှ မချုပ်တည်းနိုင်ပေ။ နောက်တစ်နေ့ညနေတွင်နန်းတော်မှပြန်လာသောအခါ ယခင်နေ့ကထက်တန်ဖိုးရှိသော ရွှေတုံးတစ်တုံးကို ကောက်ယူသွားပြန်၏။

ရွှေပန်းထိမ်ဆရာမှာ အလွန်အခံရခက်နေသည်။ သို့နှင့်ပင် ဤပုဏ္ဏားကြီးနှင့် ပတ်သက်၍ ရွှေနန်းတော်ကြီးနှင့် ပို၍လမ်းပေါက်နိုင်သည့်အခွင့် အရေးများကို ရှာရင်းအသာရပ်ကြည့် နေလိုက်သည်။ ယခုတစ်ကြိမ်ယူသွားသော ပစ္စည်းကိုလည်း မိမိပိုင်ရွှေထည်ဖြင့်ပင်အစားထိုးရန် ဆုံးဖြတ်လိုက်ရပြန်သည်။

mgyoe.com

mgyoe.com


ထိုသို့အလျှော့ပေးခဲ့ခြင်းမှာလည်း ပုဏ္ဏားကြီးအား ဟန့်တားရာမရောက်ပါ။ ပို၍ပင်အတင့်ရဲလာစေရန် လမ်းခင်းပေးသကဲ့သို့သာဖြစ်၏။ နောက်တစ်ကြိမ်နန်းတော်မှ အပြန်တွင်သူကြည်ညိုလေးစားသောပုဏ္ဏားကြီးက ရွှေတုံးတစ်တုံးကိုကောက်ယူသွားပြန်သည်။

ထိုအခါ ရွှေပန်းထိမ်ဆရာမှာ သည်းမခံနိုင်တော့ပေ။ ထိုမျှအတင့်ရဲလာမှတော့ဘာဂုဏ်သိက္ခာမှလည်း ထောက်ထားစရာမလိုတော့ပါ။ ဘာအခွင့်အရေးကိုမျှလည်း မျှော်လင့်မနေချင်တော့ပါ။

"ဟယ် ပုဏ္ဏားပျက်၊ မင်းကြီး အပ်နှံထားတဲ့ ဘဏ္ဍာတော်ခိုးယူသွားတာ သုံးကြိမ်ပင်ရှိပြီမဟုတ်လော"

လက်ညှိုးထိုး၍ အော်ဟစ်၍ ပြောဆိုလိုက်တော့သည်။

ထိုသို့ပြောလိုက်သောအသံကြောင့် အိမ်နီးချင်းများဝိုင်းအုံလာကြ၏။ ခိုးထုပ်ခိုးထည်နှင့်တကွမိသော ပုဏ္ဏားကြီးအားဝိုင်းဝန်းချုပ်ကိုင် ထားလိုက်ကြသည်။ စိတ်မချုပ်တည်းနိုင်သူတို့က ရိုက်ပုတ်ကန်ကျောက်ကြသည်။

"ဟင် ... ပညာရှိကြီး၊ သူတော်ကောင်းကြီး အမည်ခံပြီးသူခိုးကျင့် သူခိုးကြံ၊ ကြံနေပါပေါ့လား"

ရွှေပန်းထိမ်ဆရာနှင့်အတူအိမ်နီးချင်းများသည် တရားခံပုဏ္ဏားကြီးအား ရွှေနန်းတော်သို့ထုထောင်းရိုက်ပုတ်၍ ခေါ်ဆောင်လာကြသည့်တိုင် ပုဏ္ဏားကြီးမှာ တစ်ချက်ကလေးမျှ မျက်နှာမပျက်ပေ။ တစ်စုံတစ်ခုသောအကြောင်းအရာကို လေးနက်စွာတွေးနေသကဲ့သို့ ရှိနေသည်။ ရိုက်ပုတ်ထုထောင်းပြော ဆိုမြည်တွန်နေခြင်းကိုလည်း ဣန္ဒြေမပျက်ခံယူရင်းက သူတို့ဆွဲခေါ်ရာသို့ အသာတကြည် လိုက်ပါလာသည်။

mgyoe.com

mgyoe.com

တရားခံပုဏ္ဏားကြီးကို ခြံရုံ၌ တစ်စုတစ်ဝေးကြီးလာ ကြရာလမ်းခရီးတစ်နေရာတွင် အလမ္ပာယ်သမားများနှင့်တွေ့ကြသည်။ အရိပ်ကောင်းသောနေရာ ၌ အလမ္ပာယ်သမားတို့သည် အဆိပ်ပြင်းလှသော မြွေကြီးတစ်ကောင်ကိုကစားပြနေလေသည်။ သူတို့သည်မြွေကြီးအမြီးကိုလည်း ဆွဲ၏။ လည်ကုပ်ကိုလည်း ဖမ်းဆုပ်ကြသည်။ မိမိတို့၏လည်တွင်လည်းရစ်ပတ်၍ပြလေသည်။

တရားခံ ပုဏ္ဏားကြီးသည် ထိုအပြုအမူကို မြင်ရသောအခါ မိမိအပြစ်ကိုပင်လျစ်လျူပြုသည်။

"အမောင် ... အလမ္ပာယ်သမားတို့ အဲဒီလို မဆွဲကြပါနဲ့၊ မကိုင်ကြပါနဲ့၊ မြွေကြီးက ကိုက်လိုက်မှဖြင့် သင်တို့ချက်ချင်းသေကုန်ကြလိမ့်မယ်"

စိုးရိမ်တကြီး တားမြစ်လေရာ ...

"ဟယ် ... ပုဏ္ဏားပျက် သင်ဝင်၍ ပူစရာမရှိပါဘိ။ ဒီမြွေကြီးဟာ အကျင့်သီလရှိသူဖြစ်ပါဘိ။ သင်ပုဏ္ဏားကြီးလိုမဟုတ် သင် ပုဏ္ဏားကြီးသာ သူများဥစ္စာ ခိုးယူမိလို့ အခုလို ဖမ်းဆီးခံရတာမဟုတ်လော့"

"အင်း ... သူတို့ပြောတာ ဟုတ်ပေသားပဲ။ ကိုက်တတ်တဲ့ မြွေကိုတောင်မှ သီလရှိတယ်လို့ ပြောကြရသေးဘိ။ လူသာဆိုပါက အဘယ်ပြောစရာရှိပါအံ့နည်း။ လောကတွင် သီလသာလျှင် အမြတ်ဆုံးဖြစ်ပါဘိ။ သီလထက် မြတ်တာ လောကတွင် ဘယ် အရာမျှမရှိတော့ပါကလား"

ရယ်မောလှောင်ပြောင်နေကြသော အလမ္ပာယ်သမားတို့၏ စကားအဆုံးတွင် ပုဏ္ဏားကြီးသည် တွေးတောရင်းရေရွတ်နေမိသည်ကို မည်သူကမျှအလေးမထားမိပေ။ ဗြဟ္မဒတ်မင်းကြီး ရှေ့မှောက်သို့ရောက်သောအခါ ပန်းထိမ်ဆရာသည် အမှုအခင်းအကြောင်းရင်းကို လျှောက်တင်လေသည်။

mgyoe.com

ထိုအခါ ဗြဟ္မဒတ်မင်းကြီးသည်လွန်စွာတုန်လှုပ်သွားသည်။ မိမိကိုယ်တော်တိုင် ကြည်ညိုလေးမြတ်ဆည်းကပ်ကိုးကွယ်ရသော ဆရာပုဏ္ဏားကြီးအား ခိုးသူအဖြစ်ဖြင့် တွေ့တော်မူသဖြင့် မယုံကြည်နိုင်လောက်အောင်ဖြစ်ရသည်။

"သင်သည် အသိအလိမ္မာဂုဏ်သိက္ခာနှင့်ပြည့်စုံသူဖြစ်ပါလျက် ဤသို့ယုတ်ညံ့သော အမှုကိုပြုရာသလော့"

ခက်ထန်စွာ မေးတော်မူသည်။

"အို ... မြတ်သောမင်းကြီး ဤအမှုကို ကျွန်ုပ်ပြုချင်လွန်း၍ ပြုလုပ်သည်မဟုတ်ပါဘိ။ အရှင်မင်းကြီး၏စိတ်တော်အလိုကို သိချင်၍သာဖြစ်ပါသည် အရှင်မင်းမြတ်"

"အဘယ်ကို သိချင်၍ ဤအမှုကိုပြုသနည်း"

"မြတ်သောမင်းကြီး ... အရှင်မင်းကြီးသည် အခြားသောပုဏ္ဏားများထက် ကျွန်ုပ်ကိုပို၍မြှောက်စားချီးမြှင့်ဘိ။ ကြည်ညိုမြတ်နိုးစွာဖြင့် ကျွန်ုပ်အား ကိုးကွယ်ဆည်းကပ်ခြင်းသည် ဘာကြောင့်လဲ။ ကျွန်ုပ်၏အမျိုးဇာတ်ကပဲ မြင့်မြတ်နေ၍လော၊ ဒါမှမဟုတ် ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းခပ်တတ်မြောက်နေ၍လော၊ ဒါမှမဟုတ်အကျင့်သီလစင်ကြယ်နေ၍လော ...

"ဤသို့အမျိုးမျိုးသောအကြောင်းအရာတို့ကို စဉ်းစားကြသော်လည်း တိကျသောအဖြေကို ကျွန်ုပ်မရခဲ့ပါ အရှင်မင်းမြတ်။ ဒါကြောင့် ဘယ်အရာကြောင့် ကြည်ညိုလေးမြတ်သည်ကိုသေချာသိနိုင်ရန်အတွက် ယခု အမှုကို စမ်းကြည့်ခြင်းသာဖြစ်ပါဘိ။ ဤသို့လက်တွေ့စမ်းကြည့်ခြင်းဖြင့် အမျိုးဇာတ်မြင့်မြတ်မှုသည်လည်းလာ၍ မကယ်တင်နိုင်ပါ။ ဗေဒင်ကျမ်းဂန်တတ်မြောက်ခြင်းသည်လည်း ဤအမှုကို မကယ်တင်နိုင်ပါ။ အရှင်မင်းမြတ်

mgyoe.com

mgyoe.com


ကိုယ်ကျင့်သီလပျက်စီးယိုယွင်းသည်နှင့် တစ်ပြိုင်နက် တရားခံခိုးသူအဖြစ်နှင့် အရှင်မင်းမြတ်ရှေ့တော်မှောက်ရောက်လာရပါတော့သည် ဘုရား ...

"ဒါကြောင့် အရှင်မင်းမြတ်ကြည်ညိုလေးမြတ်ခြင်းသည်ကိုယ်ကျင့်သီလကြောင့်သာ ဖြစ်ပါဘိ။ လူ့လောကတွင် ကိုယ်ကျင့်သီလသာလျှင်အမြတ်ဆုံး၊ ကိုယ်ကျင့်သီလထက်ပို၍မြင့်မြတ်သည့်အရာမရှိပါအရှင်မင်းမြတ်၊ ဒါကိုကျွန်ုပ်သိချင်လှသည့်အတွက် ရွှေပန်းထိမ်ဆရာ့ဆီက ကောက်ယူလာခဲ့သည့် ရွှေတုံးများကို ပြန်လည် ပေးအပ်ပါရစေ အရှင်မင်းမြတ်"

ပုဏ္ဏားကြီး၏ လျှောက်တင်သောစကားအဆုံးတွင် တစ်နန်းတော်လုံး ခေါင်းတညိတ်ညိတ်ဖြစ်သွားကြလေသည်။

ပုဏ္ဏားကြီးအပေါ် ရှုံ့ရှာစက်ဆုပ်စွာကြည့်နေကြသောမျက်နှာများသည်လည်း ပြုံးရိပ်ရွှင်ရိပ်သန်းလာကြ၏။ ထို မျက်နှာများတွင် ဗာရာဏသီပြည့်ရှင်ဗြဟ္မဒတ်မင်းကြီး၏မျက်နှာ တော်က အကြည်လင်ဆုံးဖြစ်ပါ၏။

ထို့နောက်ပိုင်းတွင်ကား ထိုပုရောဟိတ်ပုဏ္ဏားကြီးသည် ရွှေပန်းထိမ်ဆရာ၏ အိမ်ရှေ့မင်းလမ်းမသို့ရောက်မလာတော့ပေ။ စုံစမ်းကြည့်သောအခါ ရသေ့သူတော်စင်အဖြစ်နှင့် ဟိမဝန္တာတောကြီးတွင် နေထိုင်လျက်ရှိကြောင်းကို သာ ပန်းထိမ်ဆရာကြားသိရလေတော့သတည်း။ ။

(ဧကနိပါတ်၊ သီလဝီမံသဇာတ်)

■

mgyoe.com

mgyoe.com

# အရှက်အကြောက်မရှိသူ

ရှေးအခါက ဟိမဝန္တာ အရပ်တွင် ရွှေဟင်္သာငှက်မင်းသည်ရှိ၏။ ထိုဟင်္သာငှက်မင်းတွင် အကျင့်သိက္ခာနှင့် ပြည့်စုံပြီး ရုပ်အဆင်းလှပတင့်တယ် ရှုချင်စဖွယ်ရှိသော သမီးဟင်္သာပျိုမလေးရှိလေသည်။ မိဘတို့၏ ကျေးဇူးကိုသိတတ်သဖြင့် ကောင်းမွန်ရိုသေစွာပြုစုလုပ်ကျွေး၏။ ထို့ကြောင့် ဖခင်ဖြစ်သူ ဟင်္သာငှက်မင်းသည်တစ်ဦးတည်းသော သမီးလေးဟင်္သာပျိုမအား မိမိကြိုက်နှစ်သက်ရာ ဘဝကြင်ဖော်ကို မိမိဆန္ဒသဘောအတိုင်း ရွေးချယ်ခွင့်ကိုပေးလိုက်လေသည်။


ဤသို့ဖြင့် သတို့သားလောင်းရွေးချယ်ပွဲကြီးကျင်းပရန် နေ့ကောင်းရက်ကို သတ်မှတ်ပြီး ကြေညာချက်ကြီးထွက်လာသောအခါ တောအထပ်ထပ်တောင်အသွယ်သွယ်တို့တွင်ရှိနေကြသော ငှက်အပေါင်းတို့သည် ဟိမဝန္တာသို့ သူ့ထက်ငါအရောက် ပျံသန်းလာကြတော့သည်။

ရွှေဟင်္သာငှက်မင်း၏ စံနန်းတော်အနီးရှိ ညီလာခံကျင်းပရာ ကျောက်ဖျာကြီးပေါ်သို့အသီးသီးနားလာကြသည်။ အသွင်သဏ္ဍာန်အမျိုးမျိုးအမွေးအတောင်များကို တောက်ပြောင်သည်ထက် တောက်ပြောင်လှပစေရန် ပြုပြင်နေကြ၏။ အလှမယ် ဟင်္သာ

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


ပျိုမကြိုက်နှစ်သက်လောက်အောင် ဟန်ရေး အမျိုးမျိုး ပြနေကြလေသည်။

သတို့သားလောင်းရွေးချယ်ရန် အချိန်ရောက်သောအခါ ရွှေဟင်္သာငှက်မင်းသည် ဟင်္သာငှက်အမတ်ကြီးများ ခြံရံလျက် ငှက်ညီလာခံသဘင်ကျင်းပရာ ရာဇပလ္လင်သို့တက်ရောက်လာသည်။

ချောမောလှပသော ရွှေဟင်္သာပျိုမသည်လည်း နောက်တော်ပါးမှ လိုက်လာ၏။ သူမအတွက်သတ်မှတ်ပေးထားသော စင်မြင့်ပေါ်သို့တက်ရောက် နေရာယူကာ သူ့ထက်ငါဟန်ရေးပြ၍ လျှောက်ပြနေသော ငှက်အမျိုးမျိုးတို့ကို တစ်ကောင်ချင်း လေ့လာကြည့်ရှုနေသည်။

ထိုအချိန်တွင် ရွှေဟင်္သာငှက်မင်း၏တူတော်ဖြစ်သော ရွှေဟင်္သာမောင်လည်း ဦးရီးတော်ရွှေဟင်္သာမင်း၏အနီးတွင် ခစားလျက်ရှိ၏။ သူသည်မိမိဝမ်းကွဲနှမတော်ဖြစ်သော ရွှေဟင်္သာပျိုမကို တိတ်တခိုး မြတ်နိုးနေသူဖြစ်၏။ သို့သော် ဖွင့်ဟ၍ကား မပြောမိချေ။ ဖွင့်မပြောရခြင်းမှာလည်း တစ်နေ့နေ့ တစ်ချိန်ချိန်တွင် နှမတော်လေး ကိုယ်တိုင်က မိမိ၏ ချစ်မြတ်နိုးမှုကို သူ့ဘာသာသိလာလိမ့်မည်ဟု မျှော်လင့်ထားခဲ့သောကြောင့်ဖြစ်သည်။

ဤသို့နေလာခဲ့ရာမှ ဦးရီးတော်ရွှေဟင်္သာငှက်မင်း၏ အမိန့်တော်ကို ကြားလိုက်ရသောအခါ အလွန်တစ်ရာတုန်လှုပ်ချောက်ချားသွားရသည်။မိမိတို့ရွှေဟင်္သာချင်းသာလျှင် ကြာမြင့်စွာနေသွားရပါက တစ်နေ့နေ့တွင် နှမတော်ရွှေဟင်္သာပျိုမသည် မိမိဘက်သို့တိမ်းညွတ်လာစရာရှိနေပေသည်။ ယခုတော့မူ အဆင်ဆန်းအသွေးအရောင်စုံလှသော ငှက်အပေါင်းတို့ရောက်လာကြလေတော့မည်။ အသစ်အဆန်းမှန်သမျှကို မက်မောလေ့ရှိသော မိန်းမတို့၏ သဘာဝအရ မိမိတို့

mgyoe.com

mgyoe.com


လိုမြင်နေတွေ့နေကျ ရုပ်သွင်ကို ကျော်လွှား၍ အမြင်ဆန်းသည် ရာနောက်သို့သာလိုက်ပါပေတော့မည်။

ဤသို့ဟင်္သာမောင်တွေး၍ ဆွေးနေစဉ်မှာပင် ဦးရီးတော် ရွှေဟင်္သာမင်းက ...

"သမီးတော်ရှိရှိသမျှ ငှက်အပေါင်းတို့အရောက်စုံကြပြီဖြစ်ပါဘိသည်။ သမီးတော်ကြိုက်နှစ်သက်ရာ ခင်ပွန်းလောင်းကို ရွေးချယ်ဘိလော့" မိန့်တော်မူလေသည်။

"မှန်လှပါခမည်းတော်ဘုရား၊ သမီးတော်နှစ်သက်မြတ်နိုးတဲ့ ခင်ပွန်းလောင်းသည် တွန်သံကျူးရင့်သံလည်းသာယာနာပျော်ဖွယ်ရှိရပါမည်။ သူ့ကျောကုန်းကလည်းနှစ်သက်စဖွယ်တင့်တယ်ရပြေပြစ်ရပါမည်။ သူ့လည်တံကသွယ်နွဲ့ရှည်လျား၍ ကြောင်မျက်ရွဲ့အဆင်းသဏ္ဍာန်လည်းရှိရပါမည်။သူ့ရဲ့မြီးဆံများကလည်း လှပရှည်လျားနေရပါမည်။ သည်အရည်အချင်းများနှင့်ပြည့်စုံသူကတော့မောင်တော် ဥဒေါင်းငှက်ပဲဖြစ်ပါသည် ခမည်းတော်ဘုရား"

ဟင်္သာပျိုမလေး၏ လျှောက်တင်သံဆုံးသွားသည်နှင့်တစ်ပြိုင်နက်ငှက်အပေါင်းတို့သည် ကံထူးရှင် သတို့သားဥဒေါင်းမောင်ထံသို့ ဝိုင်းအုံပျံ သန်းလာကြပြီး ဝမ်းမြောက်ဝမ်းသာ သူ့ထက် ငါ ချီးကျူးစကားပြောကြားလေသည်။

ဥဒေါင်းလုလင်ပျိုမှာ ရွှေဟင်္သာမင်း၏သမီးတော် ဟင်္သာပျိုမမှ ခင်ပွန်းလောင်းအဖြစ် ရွေးချယ်ကြောင်းကြေညာလိုက်သည်နှင့် စိတ်ကြီးဝင်နေခိုက်တွင် ငှက်အပေါင်းတို့၏ချီးကျူးဂုဏ်ပြုသံများကိုပါကြားရသောအခါ ပို၍ဘဝင်မြင့်သွားတော့၏။ မိုးမမြင်လေမမြင်ဖြစ်လာတော့၏။

ဥဒေါင်းငှက် မျိုးနွယ်သည် စည်းနှင့်ကမ်းနှင့်ကြီးပြင်းသူများ မဟုတ်ပေ။ သူ့ကိုငှက်ပေါ်ကြော့များနှင့်အတူတကွ ရောက်တတ်

mgyoe.com

mgyoe.com


ရာရာ တောအနှံ့ တောင်အနှံ့ လျှောက်သွားရင်းသီချင်းတကြော်ကြော်ဟစ်ဆိုကာ စိတ်ထင်တိုင်း ကနေကျဖြစ်လေသည်။ ယခုလည်း လည်တံကို ဆန့်တန်းလျက် အသာယာဆုံးသောအသံဖြင့်တေးသွားတစ် ပုဒ်ကိုသီကျူးလိုက်၏။ စိမ်းပြာရောင်တဖျတ်ဖျတ်တောက်ပနေသောအတောင်များကို ဖြန့်ကား၍ ကကွက်ဆန်းကိုခင်းလိုက်လေသည်။ ထို့နောက်ရှည် လျားလှသော မြီးဆံများကို ယပ်တောင်သဖွယ်ထောင်မတ်ကာ ချာချာလည်၍ ကလေတော့သည်။

ဥဒေါင်း လုလင်ပျို၏ ကကြိုး ကကွက်ဆန်းကို အလေးအနက်စဉ်းစားလေ့မရှိသောငှက်လုလင်ပျိုအပေါင်းတို့က လည်းချီးကျူးကြ၏။

သို့သော် သူ၏ကကွက်ဆန်းများကို သေချာကြည့်မည်ဆိုပါက အရှက်အကြောက်လုံးဝမရှိသည်ကို တွေ့ကြရပေမည်။ မြီးတံရှိသမျှကို အစွမ်းကုန်ထောင်မတ်ပြီးကနေသောကြောင့် သူကိုယ်တိုင်မရှက်သော်လည်းမြင်ရသူများအဖို့ ရှက်ကြောက်နေကြရသည်။

ထိုမြင်ကွင်း မြင်တွေ့နေရသောယောက္ခမလောင်းဖြစ်သည့် ရွှေဟင်္သာငှက်မင်းက...

"ဟယ်...အရှက်အကြောက်မရှိတဲ့ ဥဒေါင်းငှက်၊သင့်အကကိုယခုပင် ရပ်လိုက်ဘိလော့၊ သင်သည်ပင်ကိုအရည်အချင်းရှိသော်လည်း အရှက်အကြောက်ကင်းမဲ့စွာဖြင့်ပရိသတ်ဗိုလ်ပုံအလယ်မှာကပြသည့်အတွက်ငါ၏သမီးတော်နဲ့သင်မထိုက်တန်၊ ယခုပင် ငါ၏ရှေ့ကအမြန်ဆုံးထွက်သွားဘိလော့"

ထိုသို့နှင်ထုတ်လိုက်ပြီးနောက်သမီးတော်ဟင်္သာပျိုမအားတူတော်မောင် ဟင်္သာပျိုနှင့်လက်ထပ်ထိမ်းမြားပေးလိုက်လေသည်။ ။

(နစ္စဇာတ်၊ ဧကနိပါတ်)

mgyoe.com

mgyoe.com

# သီလရှာပုံတော်

လွန်လေပြီးသော အခါက ဒန္တပုရမြို့ကာလိင်္ဂမင်းကြီး၏ နန်းတော် တံခါးသို့ ကာသိက တိုင်းအတွင်းရှိပြည်သူ အပေါင်း တို့ စုဝေးရောက်ရှိ လာကြလေ သည်။ တိုင်းပြည်၌ကျရောက်နေ သော ဘေးအန္တရာယ်များကို ကာလိင်္ဂမင်းကြီး နားတော်ကြား သိစေရန်အတွက် ဟစ်အော်၍ လျှောက်ထားကြ၏။

“အရှင်မင်းကြီး၊ ယခုတစ် နှစ်တာ ကာလပတ်လုံးမိုးတစ် ကြိမ်မျှပင် မရွာသွန်းခဲ့ပါ။ တစ် တိုင်းပြည်လုံး အငတ်ဘေးကြီး ကျရောက်နေပါပြီ အရှင်မင်းကြီး ရရာကိုရှာဖွေစားသောက်နေရ သဖြင့် ကျွန်တော်မျိုးတို့မှာ ရောဂါဝေဒနာဘေးဆိုးကြီးကို လည်း ခံစားနေကြရပါပြီ။ ဒီလို ဘေးဒုက္ခတွေကို မတွန်းလှန်နိုင် သောကြောင့် တိုင်းသူပြည်သား အချို့မှာ မိသားစုအလိုက်တိုင်း ပြည်မှ ထွက်ပြေးနေကြပါပြီ။ ဒါကြောင့် ဒီဘေးဆိုးဒုက္ခအန္တ ရာယ်များလွတ်မြောက်ရလေ အောင် အရှင်မင်းကြီးအနေဖြင့် မိုးရွာသွန်းအောင် ဆောင်ရွက် ပေးတော်မူပါ ဘုရား”

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


ကာလိင်္ဂမင်းကြီးသည် ဤသို့သော ဟစ်အော်လျှောက်ထားသံများကို ကြားတော်မူသောအခါ ရှေးရှေးသောမင်းကောင်းမင်းမြတ်တို့၏ ထုံးတမ်းစဉ်လာအရ မိုးရွာသွန်းစေရန်ဆောင်ရွက်တော်မူလေသည်။

ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသောနန်းဆောင်တိုက်ခန်းအတွင်း၌ စိမ်းစိုလန်းဆန်းသောမြေစာမြက်များဖြန့်ခင်းစေပြီးလျှင် ထိုအပေါ်၌ အိပ်စက်တော်မူသော်လည်း မိုးကားခေါင်မြဲခေါင်နေလေသည်။

ထိုအခါ မှူးကြီးမတ်ရာများက ...

"မြတ်သောမင်းကြီးကျွန်တော်တို့တိုင်းနိုင်ငံမှာသာဘေးဒုက္ခမျိုးစုံကျရောက်နေသော်လည်း ရေမြေချင်းဆက်စပ်နေသည့် ကုရုတိုင်းမှာမူ အစာရေစာဝပြောလှဘိသည် ဘုရား၊ သည်လိုဝပြောရခြင်းမှာ ဣန္ဒပတ္ထနဂိုရ်မြို့မှာ ထီးနန်းစိုးစံတော်မူသော ဓနဥ္စယကောရဗျမင်းထံတွင်ရှိတဲ့ အဥ္စနဝဏ္ဏအမည်တော်ရှိသည့်မင်္ဂလာဆင်ဖြူတော်ကြောင့်ကုရုတိုင်းမှာ မိုးလေမှန်ကန်နေခြင်းပါအရှင်မင်းမြတ်၊ဒါကြောင့်မင်္ဂလာဆင်ဖြူတော်ကို ရအောင်ဆောင်ရွက်သင့်ကြောင်းပါအရှင်မင်းမြတ် ..." လျှောက်ထားကြလေသည်။

"သင် အမတ်ကြီးတို့မင်္ဂလာ ဆင်ဖြူတော်ကို အဘယ်သို့ရအောင်ဆောင်ယူရအံ့နည်း။ ကောရဗျမင်းအားစစ်ထိုးရအံ့လော"

"အရှင်မင်းမြတ်၊ မင်္ဂလာဆင်တော်ကိုရရှိရေးအတွက် စစ်ထိုးရန်မလိုပါဘိ။ ကောရဗျမင်းကြီးထံတမန်များ စေလွှတ်တောင်းခံယူရုံနှင့်ပင် အလွယ်တကူရရှိနိုင်ပါသည် ဘုရား"

သို့နှင့်ပင်ကောလိင်္ဂမင်းသည် စကားအရာ၌ လိမ္မာကျွမ်းကျင်သော ပုဏ္ဏားရှစ်ယောက်တို့ကို ရွေးချယ်ပြီး လက်ဆောင်

mgyoe.com

mgyoe.com


တော်နှင့်တကွ ကောရဗျမင်းထံ စေလွှတ်၍ မင်္ဂလာဆင်ဖြူတော်ကို တောင်းခံစေလေသည်။

ကောရဗျမင်းကြီးကလည်း အဆင်တန်ဆာရတနာ ခုနစ်ပါး ဆင်ယင်ထားသော မင်္ဂလာဆင်တော်ကိုပေးလှူတော်မူလိုက်၏။

ပုဏ္ဏားတို့နှင့်အတူ မင်္ဂလာဆင်တော်ရောက်ရှိလတ်သော်လည်း ကာသိကတိုင်း၌ မိုးမရွာခေါင်မြဲတိုင်းခေါင်နေလေသည်။

ထိုအခါမှ ကာလိင်္ဂမင်းသည် ကောရဗျမင်းကြီးနှင့်တကွ သူ့ပြည်သူများ၏ နေထိုင်ကျင့်သုံးပုံများကို အထောက်တော်များ လွှတ်၍ လေ့လာစုံစမ်းစေပြန်ရာ ငါးပါးသောသီလကို ခါးဝတ်ပုဆိုးကဲ့သို့မြဲမြံစွာစောင့်တည်ကြသဖြင့် တစ်တိုင်းတစ်ပြည်လုံး မိုးလေမှန်ကန်ရကြောင်း သိတော်မူလေသည်။

ဤသို့ဖြင့် မင်္ဂလာ ဆင်တော်အား ကောရဗျမင်းကြီးထံ ပြန်၍ပို့ရန် အမတ်တို့အားစေတော်မူ၏။ ထို့နောက်ကောရဗျမင်းကြီးနှင့် အတူပြည်သူများ ဆောက်တည်နေသော ငါးပါးသော သီလတော်မြတ်ကို ရွှေပေလွှာ၌ ရေးမှတ်၍ ယူခဲ့ရန်မှာကြားတော်မူလိုက်၏။

ကာလိင်္ဂမင်းကြီး၏ အမတ်တို့လည်း ဣန္ဒပတ္ထနဂိုရ်မြို့တော်သို့ရောက်သောအခါကောရဗျမင်းထံဝင်ရောက်ခစားပြီး မင်းကြီးကိုယ်တိုင်ကျင့်သုံးဆောက်တည်သောငါးပါးသောသီလတော်မြတ်ကို အမိန့်တော် ရှိပါရန် လျှောက်တင်ကြ၏။

ထိုအခါကောရဗျမင်းက

"အို ... အမတ်တို့ ငါသည် ငါးပါးသောသီလကို အမြဲစောင့်ထိန်းသည်ကား မှန်ဘိ၏။ သို့သော် ယခုတွင်မူ ငါ၏သီလတော်ကိုသံသယဝင်နေမိတဲ့အတွက်ကြောင့် ငါ၏သီလတော်ကိုမပေးလိုပါ အမတ်ကြီးတို့" မိန့်ကြားတော်မူ၏။

'မြတ်သောမင်းကြီး၊

mgyoe.com

mgyoe.com


မင်းကြီး၏သီလတော်ကိုအဘယ် အကြောင်းကြောင့် သံသယဝင်ဘိသနည်း"

"အမတ်တို့ ငါ၏တိုင်းပြည်၌ သုံးနှစ်လျှင် တစ်ကြိမ်ပွဲတော်ကျင်းပလေ့ရှိဘိသည်။ ဒီပွဲတော်မှာ မင်းညီမင်းသားတို့ အားလုံး နတ်တမျှတောက်ပသစ်လွင်သည့် အဝတ်တန်ဆာများ ဝတ်၍ ဆင်နွှဲကြရသည်။ စိတ္တရာကာအမည်ရှိနတ်မင်းမြတ်နတ်ကွန်းသို့တက်ရောက်ကာပန်းများခတ်ထားသည့် မြားများနှင့် အရပ်လေးမျက်နှာသို့ပစ်လွှတ်ကြရသည့် အစဉ်အလာရှိဘိသည်။ ယခုနောက်ဆုံး ဆင်နွှဲသည့် ပွဲတော်မှာ ငါကိုယ်တော်မြတ်အရပ် လေးမျက်နှာကို သိမ်းပြီးပစ်လိုက်တဲ့ မြားလေးစင်းအနက်က မြားသုံးစင်းကိုသာ မင်းချင်းတို့ ရှာဖွေလာနိုင်ဘိသည်။ တစ်စင်းသော မြားသည် ရေထဲသို့ကျသွား၏။ အဲဒီမြားသာရေထဲကငါးသတ္တဝါတစ်ကောင်ကိုများထိမှန်သွားလေသလားလို့ ငါကိုယ်တော်သံသယဖြစ်နေဘိ၏။ ဒါကြောင့် ငါ၏သီလတော်ကို မယူကြဘဲ ငါ့မယ်တော်ထံသွား၍၊ သင်အမတ်ကြီးတို့သွား၍တောင်းခံကြဘိလော့၊မယ်တော်ကြီးမှာ ငါးပါးသော သီလတော်ကို စင်ကြယ်စွာ စောင့်ထိန်းနိုင်ပါဘိသည်။

ဤသို့ကောရဗျမင်းကြီး လမ်းညွှန်လိုက်သဖြင့် ကာသိတိုင်းအမတ်တို့လည်း မယ်တော်ကြီး၏ နန်းတော်သို့ဝင်ရောက်ခစားပြီး ငါးပါးသော သီလတော်မြတ်ကို တောင်းခံကြပြန်သည်။

ကောရဗျမင်းကြီး၏ မယ်တော်သည်လည်း မိမိ၏ သီလကိုသံသယရှိနေမိကြောင်း ထုတ်ဖော်ပြောဆိုပြီးနောက်...

အမောင်အမတ်ကြီးတို့ ငါ့တွင်သားတော်နှစ်ပါးရှိသည့် အနက်သားတော်ကြီးသည် ထီးနန်းစိုးစံပြီး သားတော်ငယ်မှာ အိမ်ရှေ့မင်းဖြစ်ဘိသည်။ တစ်နေ့တွင်အကြည်တော်မင်း တစ်ပါး

mgyoe.com

က သားတော်မင်းကြီးထံ အသပြာတစ်ထောင်တန်သည့် ရွှေပန်းခိုင်ကြီးဆက်သလာ၏။ သားတော်မင်းကြီးက မယ်တော်ကြီး၏ဂုဏ်ကျေးဇူးကို ပူဇော်တဲ့သဘောနဲ့ အဲဒီရွှေပန်းခိုင်ကို မယ်တော်ထံပို့ဆက်လာဘိသည်။ မယ်တော်ဟာ ပန်းပန်တဲ့ အရွယ်မဟုတ်တဲ့အတွက် အဲဒီ ရွှေပန်းခိုင်ကို ချွေးမတော် နှစ်ယောက်ကို ခွဲဝေပေးဖို့ရှိတော့ပေမယ့်၊ မယ်တော်ဟာ မိဖုရား ခေါင်ကြီးဆိုတဲ့ ဂုဏ်ကိုမျက်နှာလိုက်ပြီး ချွေးမအကြီးကိုသာ ရွှေပန်းခိုင်တစ်ခုလုံးကို ပေးလိုက်မိတယ်။ ချွေးမငယ်ကိုတော့ စန္ဒကူးနံ့သာကိုသာ ပေးလိုက်မိတယ်။ ဒီလိုမပြုသင့်တာကို ပြုလိုက်မိတဲ့အတွက် ငါ၏သီလသည် စင်ကြယ်မှုစင်ကြယ်ပါ့မလားလို့ သံသယဝင်နေမိတယ်။ဒါကြောင့် ငါ၏ချွေးမကြီးဖြစ်တဲ့ မိဖုရားခေါင်ကြီးထံသာသွား၍ တောင်းပါဘိလော့"

ထိုသို့လမ်းညွှန်လိုက် ပြန်သဖြင့် အမတ်တို့သည် ကောရဗျမင်းကြီး၏ မိဖုရားကြီးထံရောက်ကြရပြန်သည်။ မိဖုရားခေါင်ကြီးကလည်း ...

"အို ... အမတ်ကြီးတို့ ငါ၏သီလတော်ကိုလည်း ငါ့အားမရနိုင်ပါ။ တစ်နေ့ကပင် ငါသည် ဒီလေသာပြတင်းမှနေ၍ မြို့တွင်းမင်းလမ်းကို မျှော်ကြည့်မိသည်။ မြို့တော်မင်းလမ်းပေါ်တွင် ငါ့အရှင်သခင် ကောရဗျမင်းနှင့် မတ်တော်မောင်အိမ်ရှေ့မင်းတို့ဟာ ဆင်တော်တစ်စီးစီနှင့် မြို့အပူဇော်ခံနေကြဘိသည်။ သည်အခိုက်မှာပင်ငါ၏ စိတ်တော်၌ မသင့်သောအတွေးကို တွေးမိဘိ၏။

"အကယ်၍ ခုနေခါမှာ မတ်တော်မောင်အိမ်ရှေ့မင်းနှင့် အကျွမ်းတဝင်ဖြစ်ပါက ကောင်းလေစွ၊ နောင်တော်ကောရဗျမင်း နတ်ရွာလားခဲ့သော်ညီတော် အိမ်ရှေ့မင်းထီးနန်းတက်တဲ့အခါ ငါ့

mgyoe.com

mgyoe.com


ကိုပဲ မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်ပေးလိမ့်မယ်”လို့တွေးမိတယ်။ကျေးဇူးရှင် မောင်တော်ကောရဗျမင်းကြီး အထင်အရှားရှိနေပါလျက် တခြားယောကျ်ားကို ငါစိတ်ကစားပြီး သာယာနှစ်သက်မိခဲ့တယ်။ဒါကြောင့် ငါ့သီလကို ရေးယူမယ့်အစား မတ်တော်အိမ်ရှေ့မင်းဆီသာသွား၍တောင်းချေဘိလော့”

ထိုစကားအရပင် အမတ်တို့မှာ အိမ်ရှေ့မင်းထံ ရောက်ကြရပြန်သည်။ အိမ်ရှေ့မင်းကလည်း ...

“အို ... အမတ်တို့ ငါ၏ငါးပါးသောသီလသည်လည်း အမှန်တကယ်စင်ကြယ်ပါဘိသည်ဟုမဆိုနိုင်သေးပါ။ တစ်နေ့ညနေချမ်းကပင် ငါသည် နောင်တော် ကောရဗျမင်းကြီးထံရထားနှင့်သွားပြီးအခစားဝင်ဘိသည်။ သည်လို ရထားနဲ့သွားတုန်းမှာ မြို့သူမြို့သားလူအများအတွက် အထိမ်းအမှတ်နှစ်မျိုးကို ငါထားခဲ့ဘိ၏။ အကယ်၍ နောင်တော်မင်းကြီး၏နန်းဆောင်မှာ ညအိပ်ဖြစ်ရင် နှင်တံနဲ့ ရထားကြိုးကို ရထားဦးမှာပဲထားခဲ့မည်။ ဒီလိုထားလိုက်ရင်ရထားမှူးကလည်း စောင့်မနေတော့ဘဲပြန်သွားမည်။ မြို့သူမြို့သားတွေလည်းစောင့်ကြိုမနေပဲ ကိုယ့်အိမ်ကိုပြန်သွားကြပေလိမ့်မည် ...

“သည်လိုမဟုတ်ဘဲ နောင်တော်မင်းထံမှ ခဏသာနေပြီး ပြန်ခဲ့ရမည်ဆိုပါကနှင်တံနဲ့ရထားကြိုးကို ရထားအတွင်းမှာပဲထားခဲ့ရပါဘိ။ အဲဒီညနေတုန်းက မြန်မြန်ထွက်ခဲ့ရမှာပဲဆိုပြီး နှင်တံနဲ့ ရထားကြိုးကို ရထားအတွင်းမှာပဲထားခဲ့မိသည်။ အကြောင်းမသင့်ချင်တော့ နောင်တော်ထံအခစားဝင်လို့ မကြာခင်မှာပဲ မိုးကြီးသည်းထန် စွာရွာချတော့သည်။ နောင်တော် မင်းကြီးကလည်း မိုးလေထန်တာကြောင့် ပြန်ခွင့်မပေးဘဲ သူ့နန်းဆောင်မှာပဲ စက်တော်ခေါ်ဘိသည်။

mgyoe.com

mgyoe.com


ဒီလိုနှင့်နံနက်နန်းဆောင်က ထွက်လာခဲ့တော့ ရထားမှူးနဲ့တကွ မြို့သူမြို့သားတွေဟာ ငါ့ကို အသင့်စောင့်ကြိုနေကြတာကို တွေ့လိုက်ရတယ်။ သူ့ကိုတစ်ကိုယ်လုံးရွှဲရွှဲစိုပြီး ဟန်မဆောင်နိုင်လောက်အောင် ခိုက်ခိုက်တုန်နေကြရှာသည်။ ဒါကြောင့် တစ်လျှောက်လုံးသီလစောင့်ထိန်းလာတဲ့ ငါဟာ ပြည်သူလူအများကို အကြောင်းမဲ့နှိပ်စက်ရာရောက်ခဲ့ဘိသည့်အတွက် ငါ့သီလကို ရွှေပေမှာရေးယူမယ့်အစားပုရောဟိတ်ပုဏ္ဏားကြီးဆီသွားရောက်တောင်းခံကြဘိ"

ကာသိတိုင်းအမတ်တို့လည်း မင်းဆရာပုရောဟိတ်ပုဏ္ဏားကြီးထံရောက်ကြပြန်သည်။

"အမောင်တို့ တစ်နေ့က ဘုရင်မင်းတရားရွှေနန်းတော်သို့ ခစားဖို့အသွားမှာ သစ်လွင်တောက်ပ လှတဲ့ရထားတစ်စီးကို တွေ့ခဲ့ရသည်။ ရထားမောင်းမင်းများမှုထမ်းကို မေးမြန်း ကြည့်တော့ ကောရဗျမင်းကြီးထံ ဆက်သဖို့ဖြစ်ကြောင်းသိရသည်။ သည်အခါ' ငါလည်း အိုမင်းမစွမ်းဖြစ်လာပြီ၊ တကယ်လို့များ မင်းကြီးက ဒီရထားကို ငါ့ပေးလိုက်ရင်ကောင်းမှာပဲ။ ရထားလေးနဲ့ဆိုတော့ ခုလိုခြေလျင်မသွားရတော့ဘိ၊ ပင်ပန်းစရာမရှိတော့ဘိ။ ရွှေနန်းတော်ကြီးကို သက်သောင့်သက်သာသွားလာနိုင်မှာပဲ' လို့ တွေးခဲ့မိတယ်၊ အဲဒီလိုတွေးပြီး ပြီးချင်းပဲ ကိုယ့်စိတ်ဖြစ်ပုံကိုကိုယ့်ဘာသာအရှက်ရမိသည်။ တစ်လျှောက်လုံးက သီလစောင့်ထိန်းခဲ့ပါလျက်သူတစ်ပါးပစ္စည်းကို သွားပြီး တပ်မက်ခဲ့မိသည်။ ဒါကြောင့် ငါ၏ သီလကိုရေးယူမည့်အစားမြေတော်အမတ်မင်းထံသွား၍ တောင်းယူကြပါဘိလော့"

မြေတော်အမတ်ထံ ရောက်သောအခါ ...

"အဆွေတို့ တစ်ခါက ကျွန်ုပ်သည် တောကျေးလက်

mgyoe.com

mgyoe.com


ကိုသွားပြီး လယ်မြေများကိုတိုင်းတာခဲ့ရသည်။ မင်းကြီးရဲ့လယ်မြေနဲ့ သူဌေးတစ်ဦး၏လယ်မြေနှစ်ရပ်ဆက်စပ်နေရာမှာ နယ်နိမိတ်သတ်မှတ်ပေးဖို့ ဖြစ်ဘိ၊ ဒါကြောင့် ကျွန်ုပ်ဟာ မြေပယ်တိုင်းတဲ့ကြိုးတစ်ဖက်ကိုလယ်ရှင်သူဌေးကို ကိုင်ခိုင်းထားပြီး ယူလာခဲ့တယ်။ နယ်ခြားမျဉ်းကျရောက်သင့်တဲ့ နေရာမှာကြိုးကိုချပြီးတော့ တုတ်ချွန်စိုက်ရမည့် နေရာကြည့် လိုက်တော့ပုစွန်တွင်းတစ်ခုနဲ့ တည့်တည့်ကြီးတိုးနေပါရော အဆွေတို့ရဲ့... ၊ ဒီတော့မှ ကျွန်ုပ်မှာ အခက်ကြီးကြုံလာရတော့တယ်။ တုတ်ချွန်ကို ဟိုဘက်နည်းနည်းတိုးစိုက်လိုက်ရင် မင်းကြီးရဲ့ လယ်မြေဘက်ကနစ်နာသွားတော့မယ်။ အကယ်၍ ဒီဘက်တိုးစိုက်လိုက်ရင်လည်း သူဌေးလယ်မြေဘက်ကနစ်နာသွားရတော့မယ်၊ ဒါကြောင့်ဒီတွင်းမှာပုစွန်မရှိတန်ကောင်းပါဘူးလေဆိုပြီးတွင်းတည့်တည့် မှာစိုက်ချလိုက်တဲ့ အခါတွင်းထဲက 'ကရိကရိ' ဆိုတဲ့ အသံကို ကြားလိုက်ရတော့တယ်။ ဒါကြောင့် ကျွန်ုပ်သီလကို ရေးယူမယ့်အစား ရထားထိန်းဆီကသီလကိုသာ တောင်းယူကြပါတော့ အဆွေတို့ ...”

ထိုစကားအရ ရထားထိန်းထံ ရောက်ကြသောအခါ

“အမတ်ကြီးတို့ တစ်ခါကကျွန်ုပ်ဟာ မင်းကြီးရဲ့ရထားကိုမောင်းနှင်ပြီး ဥယျာဉ်တော်ကပြန်လာခဲ့ပါတယ်။ ဒီအချိန်ဟာနေဝင်ရီတရောဖြစ်ရုံမကမိုးသားတိမ်လိပ်များလည်းတက်လာနေချိန်ဖြစ်တယ်။ ဒါကြောင့်ကျွန်ုပ်က မင်းကြီးကို မိုးမစွတ်ရအောင်လို့သိန္ဓောမြင်းကိုဒီထက်မြန်မြန်သွားအောင် ကြာပွတ်ကိုလေထဲ ဝှေ့ယမ်းပြီးအသံပြုလိုက်ရတယ်...၊အဲဒီနေ့ကကြာပွတ်သံပေးခဲ့တာကို အမှတ်ထားတဲ့သိန္ဓောမြင်းဟာ အဲဒီနေရာရောက်လာတယ်ဆိုရင် သွက်သွက်ပြေး

mgyoe.com

တော့တာပဲ။ အမှန်က သိန္ဓော မြင်းတွေဟာ နဂိုကတည်းက အပြေးမြန်ကြပါတယ်။ မြင်းဆရာကောင်းများနဲ့ သင်ကြားပေးထားတဲ့အတွက်လည်း အလွန်လိမ္မာကြပါတယ်။ သခင့် နှုတ်သံ နာခံရုံနှင့် သခင့်အကြိုက်ကို လိုက်နာနိုင်ကြပါတယ်။ မင်းကြီးကို မိုးစိုမှာစိုးတဲ့ စိတ်ကြောင့် လိမ္မာနေတဲ့ သိန္ဓော မြင်းတွေကို မလိုအပ်ပဲ ကြာပွတ်သံပေးခဲ့မိတယ်။ ဒါကြောင့် ကျွန်ုပ်သီလကို ရေးယူမယ့်အစား သူဌေးကြီး ဆီသွားပြီးတောင်းယူကြဘိလော့"

သို့နှင့်ပင် ကာသိတိုင်း အမတ်များသူဌေးကြီးထံရောက်ကြပြန်သည်။

"အမတ်မင်းတို့ တစ်နေ့ကပင် ကျွန်ုပ်၏ လယ်တောသို့ လျှောက်ကြည့်ခဲ့တယ်၊ လယ်တောတစ်ခွင်လုံးဖုံးတုန်းလုံးတုန်း စပါးနှံတွေနဲ့ ရွှေရောင်သန်းလို့ နေပါတယ်၊ မကြာမီရိတ်သိမ်းရတော့မယ် စပါးခင်းတွေလိုအားပါးတရလျှောက်ကြည့်ပြီး အိမ်အပြန်မှာတော့ အမှတ်တမဲ့နဲ့ စပါးနှံတစ်ဝက်ကို ချိုးယူပြီး ခေါင်းမှာပန်ခဲ့မိပါတယ်၊ ဒီလယ်မြေအားလုံးဟာ ကျွန်ုပ်ရဲ့အပိုင်ဖြစ်ပေမယ့်ဒီလယ်ထွက်စပါးများထဲက မင်းကြီးအတွက် အခွန်တော် များပေးဆောင်ရပါတယ်။ မင်းကြီးအတွက် ပေးဆက်သင့်တဲ့ အခွန်တော်ကို မပေးဆက်ရသေးခင် ကျွန်ုပ်လက်ဆော့ပြီး စပါးနှံတစ်ခက်ကို ဦးဦးဖျားဖျား ပန်ခဲ့မိတယ်။ ဒါကို တွေးမိတိုင်း ကျွန်ုပ်မှာ စိတ်စ နှောင့်စနင်းဖြစ်ရပါတယ်။ ဒါကြောင့် ကျွန်ုပ်သီလကို ရေးယူမယ့်အစားတင်းချိန်သမားဆီကို သာသွားပြီး တောင်းယူကြပါ အမတ်မင်းတို့"

တင်းချိန်သမားထံသို့ အမတ်တို့ရောက်လာကြပြန်သည်။

"အမတ်ကြီးတို့ တစ်နေ့က ကျွန်ုပ်မျိုးဟာ သူကြွယ်တစ်ဦးရဲ့စပါးကျီထဲက မင်းကြီး

mgyoe.com

mgyoe.com


အတွက်အခွန်တော်ဖြစ်တဲ့ စပါးများကို တင်းတောင်းနဲ့ချိန်ယူခဲ့ပါတယ်။ ချိန်ယူလို့မပြီးခင်မှာပဲ မိုးကြီးရွာချလိုက်တာကြောင့် ကျွန်တော်မျိုးဟာ လက်ထဲမှာပါလာပြီးဖြစ်တဲ့ စပါးများကို အမှတ်မဲ့သွန်ချပြီးမိုးလွတ်ရာကိုသွားခိုနေပါတယ်။ ဒီလိုမိုးခိုနေရင်းက ပြန်ပြီးစဉ်းစားကြည့်လိုက်တော့ စောစောကသွန်ချခဲ့တာဟာမင်းကြီးရဲ့အပုံထဲမှာလား၊ သူကြွယ်ကြီးရဲ့အပုံထဲမှာလားလို့ မခွဲခြားနိုင်တော့ပါ။ အကယ်၍များ မင်းကြီးရဲ့ အပုံဘက်သွန်ချမိတာဆိုရင်တော့ မင်းကြီးရဲ့ စီးပွားဥစ္စာတိုးတက်စေဖို့မတရားသဖြင့် ပြုကျင့်ရာရောက်လေတော့မယ်။ ဒါကြောင့် ကျွန်တော်မျိုးရဲ့သီလတော်ကို ရေးယူမယ့်အစား တံခါးမှူးထံ သွားပြီးတောင်းယူကြပါအမတ်ကြီးတို့"

ဤသို့ဖြင့် တံခါးမှူးကြီးထံရောက်ကြပြန်သည်။

"အမတ်ကြီးတို့ ကျွန်တော်မျိုးရဲ့ တာဝန်ကတော့နေဝင်ချိန်မြို့တံခါးပိတ်တော့မယ်ဆိုရင် မြို့ပြင်မှာ ကျန်သူမရှိရလေအောင် သုံးကြိမ်သုံးခါကြွေးကြော် သတိပေးရပါတယ်။ တစ်ညနေမှာတော့ ကျွန်တော်မျိုးကြွေးကြော်လို့ပြီးချိန်မှာမှ ထင်းခွေ ယောကျ်ားတစ်ယောက်ဟာ အမျိုးသမီးတစ်ယောက်ကို လက်ကဆွဲပြီးအပြေးအလွှား ဝင်လာပါတယ်။ မြို့တံခါးပိတ်တော့မယ့်ဆဲဆဲကျမှ ကပ်ဝင်လာတာကြောင့် သူတို့ကို ကျွန်ုပ် ဒေါသထွက်ထွက်နဲ့ 'တစ်နေ့လုံး တောထဲမှာမယားနဲ့ပျော်ပါးနေပြီး တံခါးပိတ်ခါနီးမှ ဝင်လာရသလား" လို့ ကြိမ်းမောင်းလိုက်မိတယ်။

"ဒီအခါ ထင်းခွေယောကျ်ားက 'တံခါးမှူးကြီးခင်ဗျာ ဒီအမျိုးသမီးဟာ ကျွန်ုပ်မယားမဟုတ်ပါဘူး ကျွန်ုပ်ရဲ့နှမလေးသာဖြစ်ပါတယ်' လို့ရိုရိုသေသေပြန်ပြောပါတယ်။ ဒီတော့မှကျွန်တော်မျိုးလည်း စိတ်မကောင်းခြင်း

mgyoe.com

mgyoe.com


ကြီးစွာ ဖြစ်ရပါတော့တယ်။ 'သီလစောင့်ထိန်းသူဖြစ်ပါလျက် မဟုတ်မတရားစွပ်စွဲ မိလေခြင်း' လို့နောင်တကြီးစွာ ရမိပါတယ်၊ ဒါကြောင့်ကျွန်တော်မျိုးသီလ ကိုရေးယူမယ့် အစား ပြည့်တန်ဆာမဆီသွားပြီး တောင်းယူကြပါ အမတ်ကြီးတို့ ..."

တံခါးမှူးကြီး၏ စကား အရပြည့်တန်ဆာမထံ ရောက်ကြပြန်သည်။

"အမတ်မင်းတို့ ကျွန်တော်မျိုးမရဲ့သီလကိုလည်း ကျွန်တော်မျိုးမ ကိုယ်တိုင်ကသံသယရှိနေဆဲပါ။ လွန်ခဲ့တဲ့သုံးနှစ်ကျော် ကာလ လုလင်တစ်ယောက်က ကျွန်တော်မျိုးမထံ အသပြာတစ်ထောင်လာပေးပြီး သူမပြန်ခင် ကျွန်တော်မျိုးမထံလာခဲ့မယ်လို့ မှာကြားပြီးထွက်ခွာသွားပါတယ်။ ကျွန်တော်မျိုးမမှာ ပြည့်တန်ဆာအဖြစ်နဲ့ အသက်မွေးရပေမယ့် ငါးပါးသောသီလကိုတော့လုံခြုံအောင် စောင့် ထိန်းပါတယ်။ ကျွန်တော်မျိုးမယောကျ်ား တစ်ယောက်ဆီက အခကြေးငွေကို လက်ခံလိုက်တာနဲ့ ကျွန်တော်မျိုးမရဲ့ ကိုယ်ခန္ဓာကို ကျွန်တော်မျိုးမ မပိုင်တော့ပါ။ အခကြေးငွေပေးတဲ့ ယောကျ်ားက သာပိုင်ပါတော့တယ်။ ဒါကြောင့် ကျွန်တော်မျိုးမဟာ အခကြေးငွေထားတဲ့ယောကျ်ားအတွက်တာဝန်ကျေအောင် ပြုစုလုပ်ကျွေးမှုမပြီးသေးသမျှ ဘယ်ယောကျ်ားကိုမှ လက်မခံခဲ့ပါ။

"အသပြာတစ်ထောင် ပေးခဲ့တဲ့ လုလင်ဟာ မကြာခင် လာခဲ့မယ်ဆိုပေမယ့်လုံးဝရောက်မလာခဲ့ပါ။ နောက်နေ့နောက်နေ့များမှာလည်း အရိပ်အယောင်မျှပင် မမြင်ရပါ။ သူ့အတွက် တာဝန်မကျေသေးတာကြောင့် တခြား ယောကျ်ားများလာသော်လည်း ကျွန်တော်မျိုးမ လက်မခံနိုင်ပါ။ ဒီလိုနဲ့ နှစ်ချီပြီး ကြာလာလေတော့ သူပေးထားခဲ့တဲ့ အသပြာတစ်ထောင်ကလည်း သုံးစား

mgyoe.com

mgyoe.com


လို့ကုန်သွားပါပြီ။ ကျွန်တော်မျိုးမမှာ အလွန်ဆင်းရဲကျပ်တည်းရပါတယ်။ ဒါနဲ့သုံးနှစ်ပြည့်တဲ့နေ့မှာတော့ ဒီအတိုင်းနေလို့မဖြစ်နိုင်တော့တာကြောင့် တရားသူကြီးထံသွားပြီး ကျွန်တော်မျိုးမအပြစ်ကို တိုင်ကြားရတော့တယ်။ ဒီတော့တရားသူကြီးများထံ သုံးနှစ်ပြည့်တောင်ရောက်မလာမှတော့သင်တာဝန်ကျေပြီးတခြားယောက်ျားသားတစ်ယောက်ကိုလက်ခံနိုင်ပြီ'လို့အဆုံးအဖြတ်ပေးလိုက်ကြပါတယ် ...

"တရားသူကြီးများရဲ့ ဆုံးဖြတ်ချက်စကားကြားလိုက်ရတာနဲ့ပဲ ယောက်ျားတစ်ယောက်က အသပြာတစ်ထောင်ပေးလာပါတော့တယ်။ အဲဒီအသပြာကိုလက်ခံဖို့လက်လှမ်းလိုက်ခါမှပဲ လွန်ခဲ့တဲ့သုံးနှစ်က အသပြာတစ်ထောင်ပေးထားခဲ့တဲ့လုလင်ရဲ့ရုပ်သွင်ဟာ ရုတ်တရက်ပေါ်လာပါတော့တယ်ဒါကြောင့်ကျွန်တော်မျိုးမလှမ်းလိုက်မိတဲ့ လက်ကိုရုတ်ရုတ်နဲ့ပြန်ရုပ်သိမ်းလိုက်ရပါတယ်။ အမှန်က အဲဒီလုလင်ဟာ သာမညယောကျ်ားတစ်ယောက်မဟုတ်ပါဘူး၊ သိကြားမင်းကိုယ်တိုင်က ကျွန်တော်မျိုးမရဲ့ သီလကို စမ်းသပ်ရန်အတွက် ဖန်ဆင်းထားတာပါ။ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနဲ့ ရောက်လာခါမှ ကျွန်တော်မျိုးမလည်း အဖြစ်မှန်ကို သိရပါတော့တယ်။

"ဒါပေမယ့် ကျွန်တော်မျိုးမကိုယ်တိုင်ကတော့ ကိုယ့်ကိုယ်ကိုခွင့်မလွှတ်နိုင်သေးပါ။ အခကြေးငွေယူထားတဲ့ ယောက်ျားတစ်ယောက်အတွက် တာဝန်မကျေသေးပါပဲလျက် နောက်ထပ်ယောက်ျားတစ်ယောက်ရဲ့ အခကြေးငွေကို လက်လှမ်းယူဖို့ဟန်ပြင်ခဲ့မိတယ်။ဒါကြောင့် ကျွန်တော်မျိုးမရဲ့သီလကိုလည်းစင်ကြယ်ပါ့မလားလို့ သံသယ ဖြစ်နေမိပါတယ် အမတ်ကြီးတို့"

ကာလိင်္ဂမင်း၏ အမတ်တို့သည် ပြည့်တန်ဆာမ၏

mgyoe.com

mgyoe.com


စကားကို တအံ့တသြကြားနာမှတ်သားကြပြီးသောအခါ ...

"အို ... နှမငယ်သင်နှင့်တကွ သူတော်ကောင်းဆယ့်တစ်ယောက်တို့သည်သီလကိုအလွန်ချစ်မြတ်နိုးကြသူများဖြစ်ဘိ၏။ ဒါကြောင့်သေးငယ်လှသောဖြစ်ရပ်ကလေးများအတွက် ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်အောင်ဖြစ်နေကြရသည်။ အမှန်တကယ် ကျူးလွန်လိုသည့် စေတနာမပါသောကြောင့် မည်သူ၏သီလမှ မကျိုးပေါက်နိုင်ပါ။ သူတော်ကောင်းဆယ့်တစ် ဦးတို့၏ သီလများမှာ အမှန်တကယ်စင်ကြယ် မွန်မြတ်ကြပါပေတယ်။ ဒါကြောင့် ကျွန်ုပ်တို့မှာအသင့်ပါလာတဲ့ ရွှေပေလွှာနဲ့ နှမတို့ရဲ့ငါးပါးသောသီလကို ရေးမှတ်ယူပါရစေ"

ထိုသို့အနူးအညွတ် တောင်းပန်ကြသဖြင့်ပြည့်တန်ဆာမလည်း မိမိအမြဲတစေစောင့်ထိန်းနေသောငါးပါးသောသီလတော်မြတ်ကို ထုတ်ဖော်ပြောပြလိုက်လေသည်။

ကာလိင်္ဂမင်း၏ အမတ်တို့လည်း ထိုငါးပါးသောသီလတော်မြတ်ကို ရွှေပေလွှာတွင် ရေးမှတ်ယူပြီး ပြန်လာကြလေသည်။ ကာလိင်္ဂမင်း၏ လက်သို့ ငါးပါးသောသီလရွှေပေလွှာကို ဆက်သကြ၏။

ထိုမှစ၍ ကာလိင်္ဂမင်း၏ နန်းတွင်းမှစတင်၍ တစ်တိုင်းတစ်ပြည်လုံးငါးပါးသော သီလတော်မြတ်ကို ဆောက်တည်ကျင့်သုံးကြလေရာ မကြာမီမှာပင် မိုးကြီးသည်းထန်စွာရွာချသဖြင့် ဘေးဒုက္ခအန္တရာယ်များမှ ကင်းငြိမ်းသွားလေတော့သတည်း။

(တိကနိပါတ်၊ ဂရုဓမ္မဇာတ်)

■

mgyoe.com

mgyoe.com

# စည်းကမ်းပျက်လေသူ

လကွယ်ညဖြစ်သောကြောင့် မိမိလာနေသည်ကို မည်သူမျှမြင်နိုင်စရာမရှိ။ အစောင့်ဉယျာဉ်မှူးပင်လျှင် သူ၏တဲနန်းအတွင်း စိတ်ချလက်ချ အိပ်ပျော်ကျနေလောက်ပြီ ဖြစ်သည်။

အမှောင်ညကာလသည် မိမိအားဘေးအန္တရာယ်အပေါင်းမှ ကောင်းစွာ ကာကွယ်ထားဘိသည်။ သို့သော် ထိုအမှောင်ကြောင့်ပင် မိမိမှာ အခက်အခဲပေါင်းများစွာ ကြုံရပြန်၏။ စမ်းတဝါးဝါးနှင့် တက်လာရသဖြင့် ခါချဉ်ကောင်များ၏ ဝိုင်းအုံကိုက်ခဲခြင်းဒဏ်ကို ခံရသည်။ ခြောက်၍ဆွေးနေသော အကိုင်းစွန်းများကိုဆွဲကိုင်မိသဖြင့်လည်း သည်းထိတ်ရင်ဖိုဖြစ်ခဲ့ရသည်။ ခြေရောလက်ပါ မြဲမြံစွာဆွဲကိုင်ထားမိ၍ သာတော်တော့သည်။

ပိုးကောင်မွှားကောင်ငယ်တို့၏ ဝိုင်းအုံကိုက်ခဲသည့်ဒဏ်ကို ကြံ့ကြံ့ခံရင်းတက်လာခဲ့ရာ ယမန်နေ့တွေက မှတ်သားကြည့်ရှုထားခဲ့သော နေရာသို့ရောက်လာ၏။ သရက်ပင်ထိပ်ဖျားအကိုင်းအခက်ပါးရာသို့ ရောက်လာပြီမို့ ဝိုးတဝါးကြယ်ရောင်ကလည်း ပို၍အားကောင်းလာ၏။ သို့စေကာမူ မိမိမှတ်ထားခဲ့သော

mgyoe.com



mgyoe.com

mgyoe.com


သရက်သီးကြီးကိုကားမတွေ့ရတော့။ မည်သူကများ အကြံတူ လက်ဦးသွားသည်မသိ။

ဤဥယျာဉ်တွင်းရှိ သရက်ပင်များတွင် သည်အပင်မှာ အမျိုးအကောင်းဆုံးဖြစ်သည်။ အလုံးထွားကျိုင်းသည်နှင့်အမျှအနံ့ရောအရသာပါကောင်းမွန်သည်။ ထိုထက်ပို၍ အဖိုးတန်သည်က ဆယ့်နှစ်ရာသီမပြတ် တရစပ်သီးနေနိုင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့်လည်း ပြည့်ရှင်မင်းဗြဟ္မဒတ်မင်းကြီးကိုယ်တိုင် ဤသရက်ပင်ရင်းသို့ မကြာခဏကြွလာတော်မူလေသည်။

ဤသို့သောမိုးအကုန်ဆောင်းအကူးရာသီမျိုး၌ သရက်သီးကို အဘယ်မှာမှရှာ၍ မရနိုင်။ ဤသရက်ပင်မှာသာ ရရှိနိုင်သည်။ သေချာပေါက်ရနိုင်ရေးအတွက် သေသေချာချာမှတ်သားထားခဲ့ပါလျက် ယခုတော့ အခက်တွေ့ရပြီဖြစ်၏။ မိမိဘာကို ဆက်၍လုပ်ရပါမည်နည်း။

သေချာမှတ်သားထားခဲ့သော သရက်သီးမှည့်မရှိတော့ပြီမို့ အသာဆင်း၍ပြန်ရတော့မည်လော့။ မဖြစ်နိုင်ပါ။ သရက်သီးမပါဘဲနှင့်တော့ အိမ်ရိပ်ကိုမနင်းဝံ့ပါ။ သူ့အင်မတန်ချင်ခြင်းတတ်၍ စားချင်နေသော သရက်သီးမပါပဲပြန်မိပါလျှင်မဟာအဝီစိငရဲအိုးပွက်သည်ထက် ဆိုးသွားနိုင်သည်။

မိမိ၏ အိမ်သူသက်ထားမှာ မိမိနည်းတူပင် ဒွန်းစဏ္ဍားမျိုးနွယ်ထဲကပင်ဖြစ်သည်။ တစ်နည်းပြောရပါမူ လူ့လောက၊ လူ့ပတ်ဝန်းကျင်တွင် အောက်တန်းအကျဆုံးအမျိုးအနွယ်ပင်ဖြစ်၏။ သို့သော် မိမိအနေဖြင့် ထူးခြားဆန်းပြားသော အတွေးမျိုးတွေးစရာမရှိပါ။ လူကောင်းသူကောင်းများ မလုပ်ချင်ကြသော အောက်ခြေသိမ်းအလုပ်များကို လုပ်ကိုင်ခွင့်ရနေခြင်းကိုပင် ကျေနပ်စရာကောင်းနေပေပြီ။ သူတကာတို့ ရွံ့ရှာစက်ဆုပ်သောအပုပ်ကောင်၊

mgyoe.com

mgyoe.com


အသေကောင်တို့သည်ပင် မိမိတို့အတွက် ဝမ်းစာ စပါးကျီကြီးနှင့် ဝတ်စရာအဆင်တန်ဆာတို့ပင် ဖြစ်ပါတော့သည်။

ထိုသို့လုပ်ကိုင် စားသောက်ရင်းကပင် အိမ်ကအိမ် သူမနှင့် အကြောင်းပါခဲ့ရသည်။ အများတကာကအကျည်းတန်၊နွတ်သီးစွာသည်ဟု မလိုတမာပြောဆိုကြသော်လည်း မိမိအတွက်တော့ နတ်မိမယ်တမျှလှပသော ချစ်မငြီးသည့်သက်ထားကလေးသာ ဖြစ်နေပေသည်။သည်ဇနီးကလေး ကစားချင်လှပါသည်ဟုချင်ခြင်း တစာစာပူဆာခဲ့၍ပင် အချိန်မတော် ဤမင်းဥယျာဉ်တော်ရှိ သရက်ပင်သို့ရောက်နေရခြင်း ဖြစ်တော့သည်။

အိမ်သူအလှကလေးမှာ သူလိုရာရလျှင် လွန်စွာမှနွတ်ချိုသည်။ အကယ်၍ လိုရာကို ရှာမပေးနိုင်လျှင်တော့ သူသေကုန်းတစ်ကုန်းလုံး ပွက်လောရိုက်တော့၏။ ထို့ကြောင့်သူစားချင်လှသည့် သရက်သီးကိုမှ မရရအောင်ရှာရပေတော့မည်။ အခြားကိုင်းတွေမှာ ရှာကြည့်ရပေတော့မည်။

တစ်ကိုင်းကူး၍ တစ်ကိုင်းဆက်၍ရှာခဲ့ရသော်လည်းသရက်သီးကိုကားမတွေ့ဖြစ်နေသည်။ အမှည့်ကိုထား၊ အစိမ်းစားစရာကိုရှာမရ။ သို့နှင့်ပင် ဆင်းချေတက်ချေလုပ်နေဆဲမှာ ပင်အရှေ့လောကဓာတ်မှ ရောင်ခြည်ဦးများသန်းလာတော့၏။

ထို့အတူ လူသွားလူလာတို့လည်းရှိလာကြသည်။ ဥယျာဉ်မှူး၏ တဲမှလည်း လူသံရောခွေးသံများပါကြားရပြန်သည်။ မိမိဘာလုပ်ရပါအံ့နည်း။ ဤအခြေအနေရောက်မှတော့ ဆင်းပြေး၍လည်းလွတ်လမ်းမမြင်။ လူက ရုတ်တရက် မမြင်သော်လည်းခွေးတစ်အုပ်ကထိုးဟောင်ကြတော့မည်။

တက်လာစဉ်က ဖွဲ့သန်ခဲ့သမျှ ယခုမှကြောက်လန့်တုန်

mgyoe.com

mgyoe.com


လုပ်ရတော့သည်။ အခက်အလက် သိပ်သည်းလှသောခွကြားတွင် တစ်နေ့တာလုံးပုန်း နေရုံကလွဲ၍ မတတ်နိုင်။ ကိုယ့်မိုက်ပြစ်နှင့် ကိုယ်ခံရပေတော့မည်။

မိမိမှာ မျိုးရိုး ထုံးစံအရ အောက်တန်းကျသော အလုပ်များဖြင့် အသက်မွေးရသော်လည်း စိတ်ဓာတ်က အောက်တန်းမကျပါ။ သူတစ်ပါးမပေးသော ပစ္စည်းကို လက်ဖျားနှင့်ပင် မတို့မထိခဲ့ဖူးပါ။ ဤသို့စည်းနှင့် ကမ်းနှင့်နေထိုင်လာခဲ့ပါလျက် ယခုတော့ မယားအလှကို ချစ်သည့်ဓာဖြင့် စည်းပျက်ကမ်းပျက်ကြီး တစ်ယောက်ဖြစ်လာရတော့သည်။

မိမိကိုယ်မိမိအပြစ်တင် နေဆဲမှာပင်နံနက်လင်းလာတော့၏။ နေမင်းကြီးလည်း တစ်စထက်တစ်စမြင့်တက်လာတော့သည်။ ထိုစဥ်ခိုက်မှာပင်မိမိနည်းတူအပြစ်တင်ထိုက်သူနှစ်ယောက် သရက်ပင်အောက်သို့ရောက်လာကြလေသည်။

အပေါ်ယံအနေဖြင့် ကြည့်လျှင်မူထိုသူနှစ်ယောက်မှာ အပြစ်တင်ထိုက်သူဟူ၍ ထင်နိုင်စရာမရှိပါ။ မိမိအသက်ကို မငဲ့ကွက်သောသူသော်မှပင် သူတို့ကိုစည်းပျက်ကမ်းပျက်သူဟူ၍ ဆိုဝံ့မည်မထင်ပါ။

ထိုသူနှစ်ဦးမှာ ဗာရာဏသီပြည်ကြီး၏ ထိပ်ဆုံးပုဂ္ဂိုလ်ကြီးများဖြစ်သောကြောင့်ပါတည်း။

ဉာဏ်ရည်ထက်မြက်သော နံနက်ခင်းမှာ ဗြဟ္မဒတ်မင်းကြီးသည် သူအမြတ်တနိုးထားသော သရက်ပင်အောက်သို့ရောက်လာသည်။သူပြီးလျှင် ဩဇာအာဏာအထက်မြက်ဆုံးသော ဆရာပုရောဟိတ်ကြီးလည်းအတူလိုက်ပါလာလေသည်။ ထိုမင်းနှင့်ပုရောဟိတ်တို့သည် သရက်ပင်အောက်သို့ရောက်ပြီး မကြာမီမှာပင်ဆရာနှင့် တပည့်ဖြစ်သွားကြတော့သည်။

လူ့လောကဌ် ဆရာဟူသည် အသိအလိမ္မာဉာဏ်ပညာ

mgyoe.com

mgyoe.com


ပြည့်ဝပြီးသူဖြစ်သည်။ တပည့်ဟူသည်ကားမပြည့်သေး၍အဖြည့်ခံနေရသူသာ ဖြစ်ပါသည်။ ထို့ကြောင့် ပြည့်ဝသူက စေတနာဖြင့် ဖြည့်ပေးရာတွင် အဖြည့်ခံသူကလည်း ကျေးဇူးသိတတ်မှုနှင့် ရိုသေလေးမြတ်စွာ အဖြည့်ခံထိုက်၏။

သို့သော် သရက်ပင်အောက်တွင်မူ ဖြည့်ပေးသူနှင့် အဖြည့်ခံနေသူတို့မှာ ထိုသို့ မဟုတ်ပေ။ ဝေဒကျမ်းဂန်များကို ကြားနာသင်ယူနေသော ဗြဟ္မဒတ်မင်းက စင်မြင့်ပေါ်တွင် အခန့်သားကြီးထိုင်လျက်ရှိနေသည်။ ဝေဒကျမ်းကို သင်ကြားပေးနေသော ပုရောဟိတ်ကြီးမှာမူ ဗြဟ္မဒတ်မင်းရှေ့မြေပြင်ပေါ်၌ ရိုသေစွာထိုင်လျက် ရှိနေသည်။

မိမိနှင့် မနှိုင်းယှဉ်လောက်အောင် အဆင့်မြင့်နေသူများက မိမိနည်းတူ စည်းကမ်းပျက်နေသည်ကို တွေ့လိုက်ရသဖြင့် မိမိ၏ကြောက်စိတ်များလွင့်စင်သွားတော့၏။ မင်းဒဏ်သင့် မည်ကိုပင် မတွေးတောနိုင်တော့ပဲ သရက်ပင်ပေါ်မှအလျင် အမြန်ဆင်းလာလိုက်၏။

အဖျားညွှတ်နေသော သရက်ကိုင်းမှ တစ်ဆင့်မြေပေါ်သို့ ခုန်ဆင်းလိုက်ပြီး နောက်ပုံစံမမှန်သော ဆရာတပည့်နှစ်ဦးထံသို့ ဦးတည်ဝင်လာပြီး ...

"မြတ်သောမင်းကြီး၊ ဒီသရက်ပင်အောက်ရောက်လာနေသူသုံးဦးစလုံးပင်စည်းကမ်းပျက်ယွင်းသူများချည်းဖြစ်နေကြပါသည် ဘုရား"

မကြောက်မရွံ့ရဲရဲဝံ့ဝံ့စွာ တင်လျှောက်လိုက်သဖြင့် ဗြဟ္မဒတ်မင်းမှာအံ့အားသင့်စွာနားထောင်နေရာမှ ...

"မောင်မင်း၊ အဘယ်ကြောင့် ဤသို့ဆိုသနည်း"

"အရှင်မင်းကြီး၊ နားဆင်တော်မူပါလော့၊ အရှင်မင်းကြီးသည် ယခုဝေဒကျမ်းကို သင်ယူနေဘိ၏။ သင်ကြားပေးနေသည့်

mgyoe.com

ဆရာအရှင်ကို ရိုသေလေးစားစွာ ဆက်ဆံထိုက်ပါ၏။ ထိုနည်းတူပင် သင်ကြားပေးရသည့် ဆရာကိုယ်တိုင်ကလည်း ကိုယ့်တပည့်၏ရိုသေလေးစားမှုကိုခံယူထိုက်သည်။ ကိုယ့်တပည့်ကို ကိုယ်က ပြန်ပြီး အရိုအသေပေးနေရခြင်းမှာ နည်းလမ်း စည်းကမ်းမဟုတ်ပါ။ ဒါကြောင့် ဆရာနှင့်တပည့်ပါ စည်းကမ်းပျက်များသာဖြစ်ကြပါဘိ၏ ဘုရား"

"ကောင်းပြီ မောင်မင်း၊ ငါတို့ စည်းကမ်းပျက်တာကို သိရပေပြီ၊မောင်မင်းကိုယ်တိုင်ကကော မည်သို့စည်းကမ်းပျက်ဘိသနည်း"

"ဘုရား ... ကျွန်တော်မျိုးလည်း မယားရ၏ အလိုကိုလိုက်၍ အရှင်မင်းမြတ်၏ သရက်ပင်ပေါ်သို့ရောက်ခဲ့ရသည်။ မပြုထိုက်သည့်အမှုကိုပြုခဲ့မိသည့်အတွက် ပေးသမျှ အပြစ်ဒဏ်ကို ကျွန်တော်မျိုး ခံယူရန် အသင့်ရှိကြောင်းပါဘုရား"

သို့စေကာမူ ဗြဟ္မဒတ်မင်းကြီးအပြစ်မပေးပါ။ မသင့်သည်ကိုပင် မည်သူ့မျက်နှာကိုမျှ မထောက်ဘဲ ရဲရဲဝံ့ဝံ့ပြောဆိုခြင်းနှင့် မိမိကျူးလွန်မိသော အပြစ်ကို ဟုတ်တိုင်းမှန်စွာပင် ဝန်ခံရဲခြင်းတို့ကြောင့် အားရကျေနပ်မိ၏။ ထိုကြောင့် မြို့တော်စောင့်ရာထူးကို ချီးမြှင့်လိုက်လေသတည်း။

(စတုက္ကနိပါတ်၊ ဆဝဇာတ်)

mgyoe.com

mgyoe.com

# အသက်နှင့်ကိုယ်ကျင့်တရား

မဟာပဒုမမင်းသားက လေး၏ မျက်နှာကိုမြင်ရသူ လူအပေါင်းတို့က ပဒုမ္မာကြာပွင့်ကြီးကို ကြည့်လိုက်ရသကဲ့သို့ နှစ်သိမ့်ကြည်နူးကြရသည်။

မဟာပဒုမမင်းသားလေး အရွယ်ရောက်သောအခါ တက္ကသိုလ်ပြည်သို့သွားရောက်၍ မင်းယောကျ်ားတို့တတ်မြောက်အပ်သော အဋ္ဌာရသပညာရပ်များကို သင်ယူသည်။မင်းသားလေးသည် ဒိသာပါမောက္ခဆရာကြီး သင်ကြားလေသမျှကို ရိုသေလေးမြတ်စွာ နာယူမှတ်သားသည်။ ထို့ကြောင့် သုံးနှစ်မျှကြာသောအခါ ပညာရပ်အားလုံးကိုဆုံးခန်းတိုင်တတ်မြောက်လာလေသည်။

မဟာပဒုမမင်းသား သည် ဒိသာပါမောက္ခဆရာကြီးကို ကန်တော့ပြီးနောက် ဗာရာဏသီမြို့တော်သို့ ပြန်လာသည်။ လမ်းခရီးတစ်လျှောက် သုံးနှစ်သုံးမိုးကွဲကွာနေခဲ့ရသော ခမည်းတော်၊ မယ်တော်တို့ကို ဖူးတွေ့ချင်သောစိတ်ဇောဖြင့်ခရီးပြင်းနှင်လာခဲ့ရာ ဗာရာဏသီမြို့တော်တံခါး၀ အရောက်တွင် အမောဆို့သွားရတော့၏။

mgyoe.com